# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | တနင်္သာရီမြို့နယ်၊ မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်းကုန်သွယ်ရေး နယ်စပ်ဂိတ်စခန်းအား ယာယီအထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက်ဝန်ဆောင်မှုပေးနိုင်ရန် အတွက် လိုအပ်သောအခြေခံ အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးကိရိယာ(X-Ray)စသည်ဖြင့် အခြား လိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ဆန်စက်များမှ ဘေးထွက်ပစ္စည်းများအဖြစ် ထွက်ရှိလာသော ဖွဲနုကို အကျိုးရှိအောင် သုံးစွဲရန် မည်သို့ စီစဉ်ထားပြီး ဖွဲနုဆီစက်အသစ်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ ကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက် သည့် နည်းလမ်းများကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၉ | ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်တစ်ချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေးပုံးများ(Network Boxes) များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာတပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေးတိုင်များကို စနစ်တကျပြုပြင်တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

| | | |
|---|---|---|
| ၁၀ | ထီးလင်းမြို့နယ်အတွင်းရှိ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနှင့် ကျော့ချောင်း-မျက်မြောင်သို့ ဆက်သွယ်ထားသောလမ်းပေါ်ရှိ စစ်ရှီးချောင်းကူးကွန်ကရစ်တံတား(၁၄ x ၈၀)ပေအား ကျေးရွာ လမ်းကူးတံတားအဖြစ်အသုံးပြုခွင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၀ |
| ၁၁ | ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်လေ့ရှိသော ရေထိန်းတံခါးနှစ်ခု၊ ရွာလုံးကျွတ် ပြောင်းရွှေ့နေရသောကျေးရွာများ အတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် Speed Boat တစ်စီး၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေး အတွက် ဝန်တင်လှေ နှစ်စီးခွင့်ပြုပေးရန်နှင့် တနင်္သာရီမြစ်ကြောင်း ရှင်းလင်းရေး အစီအမံနှင့် မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိက ကုမ္ပဏီများအား ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၃ |
| ၁၂ | ပညာရေးဝန်ကြီးဌာနကတင်သွင်းသည့် အခြေခံပညာရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေး ခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၄၂ |
| ၁၃ | ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က အခြေခံပညာမူလတန်းသင် ဆရာဆရာမဝန်ထမ်း ရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊သူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း | ၄၅ |
| ၁၄ | ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း | ၅၀ |
| ၁၅ | ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေး နှင့် လိုအပ်သော ငွေကြေး၊ နည်းပညာအထောက်အပံ့များ ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၁ |

၁၆ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၉

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၉

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၁၅-၅-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **တနင်္သာရီမြို့နယ်၊ မောတောင် မြို့နယ်ခွဲရှိ မြန်မာ-ထိုင်း ကုန်သွယ်ရေးနယ်စပ်ဂိတ်စခန်းအား ယာယီအထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှု ဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုင်တီ နယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက် ဝန်ဆောင်မှုပေးနိုင်ရန် အတွက် လိုအပ်သော အခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊**

**ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကင်တာများ၊ စစ်ဆေးရေးကိရိယာ (X-Ray) စသည်ဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဆန်စက်များမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသော ဖွဲနုကို အကျိုးရှိအောင် သုံးစွဲရန် မည်သို့စီစဉ်ထားပြီး ဖွဲနုဆီစက် အဟောင်းများကို မည်ကဲ့သို့ ဆောင်ရွက်နေသည်နှင့် ဖွဲနုဆီစက်အသစ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ ကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက်သည့် နည်းလမ်းများကို စနစ်တကျ သုတေသနပြု ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးထွန်းမြင့်၊ ဗဟန်း မဲဆန္ဒနယ်၏ **ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် တချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေး ပုံးများ (Network Boxes)များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာ တပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေး တိုင်များကို စနစ်တကျ ပြုပြင် တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်း မြို့နယ်အတွင်းရှိ ဂန့်ဂေါ–ရေမျက်နီ–ပုလဲ ပဆငလမ်းနှင့် ကျောချောင်း–မျက်မြောင်သို့ ဆက်သွယ်ထားသောလမ်းပေါ်ရှိ စစ်ရှီးချောင်းကူး ကွန်ကရစ်တံတား (၁၄× ၈၀) ပေအား ကျေးရွာ လမ်းကူးတံတားအဖြစ် အသုံးပြုခွင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ဟိန်း၊ တနင်္သာရီ မဲဆန္ဒနယ်၏ **ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်လေ့ရှိသော ရေထိန်းတံခါး(၂)ခု၊ ရွာလုံးကျွတ် ပြောင်းရွှေ့နေရသော ကျေးရွာများအတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် Speed Boat (၁) စီး၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက် ဝန်တင်လှေ (၂)စီး ခွင့်ပြုပေးရန် နှင့် တနင်္သာရီမြစ်ကြောင်း ရှင်းလင်းရေး အစီအမံနှင့် မြစ်ကြောင်း ရှင်းလင်းရေးကို ပုဂ္ဂလိက ကုမ္ပဏီများအား ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အခြေခံပညာရေးဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်က **"အခြေခံပညာမူလတန်းသင် ဆရာ၊ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာ ကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊ သူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က တင်သွင်းသည့် **“ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး နည်းပညာ အထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ခ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဂ) ဗိုလ်မှူးဇေဖြိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ဃ) ဒေါက်တာဦးလှိုင်မြင့်ဟန်၊ ကန့်ဘလူ မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးဝင်းအောင်၊ ခင်ဦး မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆဋ္ဌမနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ ခွင့် ၁ ရက်၊

(၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၃ ရက်၊

**မူကြမ်း**

(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၄) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊

(၅) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၆) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊

(၇) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၃ ရက်၊

(၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၁၀) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၁၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်၊

(၁၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၃) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၁ ရက်၊

(၁၄) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၁၆) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၃ ရက်၊

(၁၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၂၀) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊

(၂၁) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၃ ရက်၊

(၂၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၂၃) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၃ ရက်၊

(၂၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၂၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၃ ရက်၊

(၂၆) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်နှင့်

**မူကြမ်း**

(၂၇) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကများက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တနင်္သာရီမြို့နယ်၊ မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်းကုန်သွယ်ရေး နယ်စပ်ဂိတ်စခန်းအား ယာယီအထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်းကုန်သွယ်ရေးနယ်စပ်ဂိတ်အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်နှင့် ကုန်သွယ်လမ်းကြောင်း လွယ်ကူစွာစီးဆင်းရန်အတွက် ယာယီအထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မြိတ်ခရိုင်အတွင်းရှိ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုသည် နေ့စဉ်အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိပါသည်။ သို့ရာတွင် အဓိကဖြစ်သော မဟာချိုင်ဈေးကွက်သို့ရောက်ရှိရန် မြိတ်မြို့မှကော့သောင်း၊ ၎င်းမှတစ်ဆင့် ရေလမ်း၊ ကုန်းလမ်းဖြင့် တင်ပို့ရာတွင် ၃၂ နာရီခန့်ကြာခြင်း၊ အကယ်၍ မောတောင်မှတရားဝင် တင်ပို့နိုင်မည်ဆိုပါက ရှစ်နာရီခန့်သာကြာမြင့်မည်ဖြစ်၍ သယ်ယူပို့ဆောင်ခစရိတ်များစွာ သက်သာမည့်အပြင် ကုန်ပစ္စည်းအရည်အသွေးကိုလည်း ထိရောက်စွာထိန်းသိမ်းသွားနိုင်မည်ဖြစ်၍ အကျိုးများစွာဖြစ်ထွန်းနိုင်စေမည်ဖြစ်ခြင်းတို့ကြောင့်လည်းကောင်း၊ မြိတ်ကျွန်းစုမှ ရေထွက်ကုန်ပစ္စည်းများ ကော့သောင်းသို့မရောက်မီ လမ်းခရီးတွင် တရားမဝင်ရောင်းချမှုများကြောင့်လည်းကောင်း၊ လှေ၊ သင်္ဘောဖြင့်သယ်ဆောင်သည့် ရေထွက်ကုန်ပစ္စည်းများ၏ ခန့်မှန်းကုန်ချိန်တန်ဖိုးကိုသာ အခွန်ကောက်ခံနိုင်ခြင်းတို့ကြောင့်လည်းကောင်း၊ ရသင့်ရထိုက်သည့်အခွန်အခများ၊ နစ်နာဆုံးရှုံးမှုများကို ထိရောက်စွာကာကွယ်တားဆီးနိုင်မည်ဖြစ်ပါတယ်ရှင်။ ၎င်းအပြင် ထိုင်းနိုင်ငံရှိ နေ့စဉ်ကမ္ဘာလှည့်ခရီးသည်များ ခုနစ်သန်းခန့် လာရောက်လည်ပတ်နေသည့် ဝါဟင်းမြို့သို့ ပင်လယ်ကမ်းခြေစခန်းမှ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ တစ်နာရီခွဲခန့်မှာ ရောက်ရှိလာနိုင်မည်ဖြစ်ရာ အမြဲတမ်းကုန်သွယ်မှုစခန်းအဖြစ် အဆင့်တိုးမြှင့်ပြီးပါက ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ၊ မြိတ်ကျွန်းစု၏ သဘာဝ

ပင်လယ်ကမ်းခြေ၊ တောတောင်ရေမြေများ၊ ရှုခင်းအလှအပများရှိရာ မြိတ်ခရိုင်အတွင်းသို့ ကမ္ဘာလှည့် ခရီးသည်များ အလွယ်တကူအမြောက်အမြားလည်ပတ်နိုင်မည်ဖြစ်ရာ မြိတ်ခရိုင်ဒေသ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထူးခြားစွာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ မောတောင်ရှိ ယာယီနယ်စပ်ကုန်သွယ်ရေးအထူးစခန်းအား တရားဝင်အမြဲတမ်းကုန်သွယ်ရေး စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် တိုးမြှင့်ပေးမည်နှင့် မရှိဘူးဆိုပါက အဘယ်ကြောင့်နည်း။ ဒေသခံပြည်သူများ၏ ဆန္ဒအရ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသည့် ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ မေးမြန်းထားတဲ့ တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မောတောင်မြို့နယ်ခွဲရှိ မြန်မာ-ထိုင်းကုန်သွယ်ရေး နယ်စပ်ဂိတ် စခန်းအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်နှင့် ကုန်သွယ်လမ်းကြောင်း လွယ်ကူစီးဆင်းရန်အတွက် ယာယီ အထူးဂိတ်စခန်းအဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီ အစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး က ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြားမှာ နှစ်နိုင်ငံနိုင်ငံသားများ ဝင်/ထွက်သွားလာမှု လွယ်ကူ ချောမွေ့စေရန်နှင့် နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား နယ်စပ်ဖြတ်သန်းသွားလာရေး ဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၇ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ယင်းသဘောတူစာချုပ်အရ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်နှင့်

ကော့သောင်း-ရနောင်းတို့ကို နယ်စပ်ဝင်/ထွက်ပေါက်များအဖြစ် သတ်မှတ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်ကထုတ်ပေးသော နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တို့ဖြင့် ဖြတ်သန်းခွင့်ပြုခဲ့ပါတယ်။

အဆိုပါနှစ်နိုင်ငံနယ်စပ် ဖြတ်သန်းရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ဆန်းစစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထီးခီး-ဖူနာရွန် နယ်စပ်ဝင်/ထွက် ဂိတ်တစ်ခုကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါ ထီးခီးနယ်စပ်ဝင်/ထွက်ဂိတ်အပါအဝင် မြဝတီ၊ ကော့သောင်းနဲ့ တာချီလိတ်တို့ကိုလည်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်အဖြစ်သို့ အဆင့် မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်အဆင့်သို့ တိုးမြှင့်ခဲ့ခြင်း ကြောင့် ယခုအခါ နှစ်နိုင်ငံရဲ့နိုင်ငံသားများနှင့် တတိယနိုင်ငံရဲ့ နိုင်ငံသားများက နိုင်ငံကူးလက်မှတ်နှင့် ဗီဇာတို့ဖြင့် မြန်မာနိုင်ငံအတွင်းပိုင်းအထိ ဝင်ရောက်နိုင်ပါတယ်။ ထို့အတူ ထိုင်းနိုင်ငံသို့လည်း ထွက်ခွာနိုင်ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ မောတောင် နယ်စပ်ဂိတ်ဟာ နှစ်နိုင်ငံစာချုပ်တွင် ပါဝင်ခြင်းမရှိသေးသောနေရာတစ်ခုဖြစ်ပြီး နှစ်နိုင်ငံရဲ့ နယ်စပ် ဒေသအာဏာပိုင်အချင်းချင်း အောက်ခြေတွင်ညှိနှိုင်း၍ ဝင်/ထွက်ခွင့်ပြုထားတဲ့အဆင့်သာ ဖြစ်ပါ တယ်။ မောတောင်တောင်ကြားလမ်းဟာ မြန်မာဘက်မှ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် တွင်တည်ရှိပြီး ထိုင်းနိုင်ငံဘက်ရှိ ပရာချွတ်ကရီခန်ခရိုင်၊ ပရာချွတ်ကရီခန်မြို့နယ်၊ ဆင်ခွန်းဒေသတွင် တည်ရှိပါတယ်။ မြိတ်၊ တနင်္သာရီ၊ သဲဖြူ၊ မောတောင် ကုန်းလမ်းခရီးအကွာအဝေးဟာ ၁၁၄ မိုင် ရှိပါတယ်။ မြိတ်ကျွန်းစုမှ ထွက်ကုန်များကို ကုန်းလမ်းမှသယ်ယူပြီး ဘန်ကောက်မြို့အပါအဝင် ထိုင်းပင်လယ်ကွေ့သို့ အရောက်ပို့နိုင်မည့် အတိုဆုံးလမ်းကြောင်းဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ထို့အပြင် မောတောင်ဆင်ခွန်းလမ်းကို အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်အဖြစ် သတ်မှတ်ဖွင့်လှစ်နိုင် ပါက ထိုင်းနိုင်ငံ၊ ဟွာဟင်း၊ ဖူးခတ်ကမ်းခြေတို့မှ လာရောက်ကြတဲ့ ခရီးသည်များအနေဖြင့် မြိတ်ကျွန်းစုကို အလွယ်တကူ လာရောက်လည်ပတ်နိုင်မှာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင် ပြီး နှစ်နိုင်ငံသဘောတူညီချက်ရရှိပြီး နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်တွင် ဖြည့်စွက်နိုင်ရေးအတွက် ဆောင်ရွက်သင့်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာပါတဲ့ ကုန်သွယ်လမ်းကြောင်း လွယ်ကူစီးဆင်းစေရန်အတွက် မောတောင်ယာယီအထူးဂိတ်အဖြစ်မှ အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် မေးမြန်းချက်နဲ့ပတ်သက်၍ မောတောင်ကုန်သွယ်ရေးစခန်းကို တစ်ဖက်ထိုင်းနိုင်ငံ ပရာချွတ်ကရီခန်ခရိုင်၊ ဆင်ခွန်းကျေးရွာနှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိပြီး နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်ဂိတ်မှ နှစ်မိုင်ခန့်အကွာတွင် နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုခွင့်ပြုပေးသည့် မြေဧရိယာ ၃၁.၅၆ ဧကပေါ်တွင် ဖွင့်လှစ်ထားရှိပါတယ်။ ကုန်သွယ်ရေးစခန်းကို ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး One Stop Services အဖွဲ့ဝင်ဌာနများမှ ဝန်ထမ်းပေါင်း ၂၈ ဦးဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၅၁၂ သန်းမျှကုန်သွယ်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မေလ ၃ ရက်နေ့အထိ) ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၃.၅၅၃ သန်းအထိ တိုးတက်လာခဲ့ကာ နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်လာနေတာကို တွေ့ရှိရပါတယ်။

နှစ်နိုင်ငံနယ်စပ်အား စနစ်တကျတိုင်းတာသတ်မှတ်ပြီးမှသာ နယ်စပ်ဂိတ်နှင့် အမြဲတမ်းနယ်စပ်ကုန်သွယ်ရေးစခန်းများအား ဖွင့်လှစ်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးများနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေးများတွင်လည်းကောင်း၊ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း ယင်းကိစ္စကို နှစ်ဖက်ညှိနှိုင်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်နှင့် ပတ်သက်၍ နှစ်နိုင်ငံနယ်နိမိတ်အား စနစ်တကျတိုင်းတာသတ်မှတ်ပြီး နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ဖြည့်စွက်လက်မှတ်ရေးထိုးပြီးပါက မောတောင်စခန်းကို တရားဝင်အမြဲတမ်းကုန်သွယ်ရေးစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသွားနိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သောအခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးကိရိယာ(X-Ray)စသည်ဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်ခင်ဗျား။ ကနေ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ် ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းကို လက်ရှိအခြေအနေထက် ပိုမိုပြီးကုန်သွယ်စီးဆင်းမှုမှာ ဝန်ဆောင်မှုပိုမိုပေးနိုင်ရန်အတွက် လိုအပ်တဲ့အခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးကိရိယာဖြစ်တဲ့ X-Ray များစသဖြင့် အခြားလိုအပ်သောကိရိယာများကို တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝိုင်းမော်မြို့နယ် ကန်ပိုင်တီမှာရှိတဲ့နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ယခုဆိုရင် နှစ်ရှည်ချိကြာမြင့်ပြီးဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံနယ်စပ်ကြား ဖြတ်ကူးသွားလာနေတဲ့ မဟာလမ်းမကြီးလည်းဖြစ်ပါတယ်။ ကျွန်တော့်ကိုကုန်သွယ်ရေးစခန်းနဲ့ပတ်သက်ပြီးမှ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဘက်ကနေတွေ့မြင်ရတဲ့ ကန်ပိုင်တီမြို့နယ်စပ်ကုန်သွယ်ရေးစခန်းပဲဖြစ်ပါတယ်။ ဒါကတော့ ကုန်သွယ်ရေးစခန်းအဆောက်အဦ ဖြစ်ပါတယ်။ ဝန်ထမ်းနှင့်ရုံးလည်းဒီအဆောင်တစ်ဆောင်ပဲရှိတာဖြစ်ပါတယ်။ ဒါကတော့ ဖြတ်သန်းသွားလာနေတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံဘက်က စစ်ဆေးရေးဂိတ် ဖြစ်ပါတယ်။ ညာဘက်အပေါ်ဆုံးဘက်ကတော့ ကတ္တားချိန်တဲ့နေရာဖြစ်ပါတယ်။ သို့သော် လက်ရှိအခြေအနေမှာတော့ ကတ္တားကိုချိန်ခြင်းမရှိဘဲနဲ့ မျက်မှန်းတန်းကောက်ခံနေတာကိုတွေ့ရတာ ဖြစ်ပါတယ်။ ဒါကတော့ တရုတ်ပြည်ကနေ ကျွန်တော်တို့နိုင်ငံကို ဝင်ရောက်လာမယ့် ငှက်ပျောသယ်ဆောင်ဖို့အတွက် ဝင်ရောက်လာမယ့် တရုတ်ကုန်ကားကြီးတွေပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံနဲ့တရုတ်ပြည်နဲ့ချိတ်ဆက်ထားတဲ့ တောင်ကိုဖောက်ပြီးမှ ဥမင်လှိုင်ခေါင်းဖောက်ထားတဲ့ အဝင်/အထွက်လမ်းဖြစ်ပါတယ်။ ဒါကတော့ လှိုင်ခေါင်းအထဲကပုံဖြစ်ပါတယ်။ ဘယ်ဘက်ကတော့ ကျွန်တော်တို့နိုင်ငံကိုဝင်လာတဲ့ တရုတ်ကားကြီးတွေဖြစ်ပါတယ်။ ဒါကတော့

နယ်စပ်မှာရှိတဲ့ တရုတ်ပြည်မှာရှိတဲ့ ဟူရှောင်ဂိတ်ဖြစ်ပါတယ်။ ဒီဟူရှောင်ဂိတ်ရဲ့အရှေ့မှာ ကူယုံးဂိတ်ဆိုတာရှိပါတယ်။ ဒီကူယုံးဂိတ်မှာတော့ ကုန်တင်ကုန်ချတွေလုပ်တယ်။ ကုန်ဖလှယ်တယ်။ ကုန်တင်ယာဉ်တွေရပ်နားနိုင်တဲ့နေရာတွေ သေချာစီမံဆောင်ရွက်ထားတာရှိပါတယ်။ ဒါကတော့ ကျွန်တော် အစောတုန်းကပြောတဲ့ ဘယ်ဘက်က ဟူရှောင်ဂိတ်မဝင်ခင်မှာ ညာဘက် မီတာ ၃၀၀ အလိုမှာ သူတို့နိုင်ငံထဲကသွားတဲ့ကားတွေကို ပိုးသတ်ဆေးဖြန်းတဲ့ပုံဖြစ်ပါတယ်။ ညာဘက်ပုံကတော့။ ဒါကတော့ ဟူရှောင်ဂိတ်ရဲ့ညာဘက်မှာ တောင်တွေကိုဖြတ်ပြီး တရုတ်အစိုးရအနေနဲ့ ကုန်သွယ်ရေးဇုန်ကြီးကြီးမားမားစီမံကိန်းချ၍ ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တရုတ်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ယှဉ်ထိုးထားတဲ့ပုံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Power Point ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့နယ်စပ်ဂိတ်ဟာ အင်မတန်မှအားနည်းနေတာကိုတွေ့ရပါတယ်။ နယ်စပ်ဂိတ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအတွက်ရော နေထိုင်မယ့်အိမ်ရာထိုင်ခင်းတွေလည်း အခက်အခဲရှိတာတွေ့ရသလို ဒီကားဝင်/ထွက်ဂိတ်မှာလည်း စစ်ဆေးဖို့အတွက် တိကျမှန်ကန်တဲ့စစ်ဆေးမှု မရှိတာကိုတွေ့ရပါတယ်။ ဘာအဖိုးတန်ပစ္စည်းရတနာတွေ ကိုယ့်နယ်ထဲကပါသွားမှန်းလည်းမသိ၊ သူ့နိုင်ငံထဲက မူးယစ်ဆေးဝါးကအစ တခြားသောမစားသုံးသင့်တဲ့ ကုန်ပစ္စည်းတွေဝင်လာမှန်းလည်းမသိ သေချာစစ်ဆေးနိုင်ခြင်းမရှိတာဖြစ်တဲ့အတွက် ဒီနေရာမှာသေချာစစ်ဆေးနိုင်မယ့် X-Ray စက်လိုမျိုးတွေမှန်မှန်ကန်ကန်တိကျစွာစစ်ဆေးပေးနိုင်မယ့် စက်ကိရိယာတွေလိုအပ်နေတာ ဖြစ်ပါတယ်။ ပြီးရင်ကျွန်တော်တို့ ဒီမှာ ကုန်ဖလှယ်ဖို့အတွက်ဆိုရင်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ ကုန်ဖလှယ်မယ့်နေရာတွေ၊ ကုန်သိုလှောင်ရုံတွေမရှိတာကိုလည်းတွေ့ရပါတယ်။ ကုန်ဖလှယ်မယ့်နေရာတွေ၊ ကုန်သိုလှောင်ရုံရှိမှသာလျှင် ကိုယ့်ပြည်တွင်းထဲကကားရော၊ ပြည်ပကကားရော ဒီမှာဖလှယ်ကြပြီးမှ ကိုယ့်ပြည်တွင်းထဲကကားတွေပါ၊ ကိုယ့်ရဲ့ပြည်တွင်းထဲက အလုပ်သမားတွေပါ အလုပ်အကိုင်အခွင့်အလမ်းရရှိမှာဖြစ်ပါတယ်။

ပြီးတော့ ကတ္တား။ စောစောတုန်းက ကျွန်တော်တင်ပြခဲ့သလို ကတ္တားလည်းမရှိတာဖြစ်ပါတယ်။ သူအခွန်ကောက်တဲ့အခါမှာ ဒီတိုင်းမျက်မှန်းတန်းပြီးကောက်နေကြတာတွေ့ရပါတယ်။ အဲဒါကြီးက တိကျသေချာတဲ့အခွန် ရရှိမှာမဟုတ်ပါဘူး။ လူလာပြီးသွားကြည့်တယ်။ ကြည့်ပြီးမှဖြတ်ကြတယ်။ အဲဒီလိုဆိုတော့ ဒါက အဆင်မပြေပါဘူး။ တိကျသေချာတဲ့အခွန်ရရှိဖို့လိုတာဖြစ်ပါတယ်။ ပြီးတော့

လက်ရှိအခြေအနေမှာ တရုတ်လူမျိုးတွေက ကျွန်တော်တို့ ဝိုင်းမော်၊ မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်ထိ ဆင်းပါတယ်။ နောင်တွင် ဤပြဿနာလည်းပဲ ဒီထက်မကြီးလာနိုင်ဘူးလို့ မဆိုလိုနိုင်ပါဘူး။ အဲဒါကြောင့် ဒီပြဿနာလေးတွေကိုလည်းပဲ ကြိုတင်ကာကွယ်ဖို့လိုပါတယ်။ ပြီးရင်ကုန်တင်ကားတွေကိုလည်းပဲ ကျွန်တော်တို့ဝိုင်းမော်မြို့အထိ ဆင်းဖို့မဖြစ်ဘဲနဲ့ နယ်စပ်ဂိတ်မှာတင် Change ဖို့ရန် လိုပါတယ်။ ပြီးတော့ ဒီဂိတ်ကိုပြန်လည်စစ်ဖို့ရန်အတွက် ဝါးရှောင်လမ်းခွဲမှာ လမ်းခွရှိပါတယ်။ လမ်းခွမှာ စစ်ဆေးရေးဂိတ်နောက်တစ်ခုပြန်ထိုင်ပြီးမှ ပြန်စစ်ဆေးဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဤသို့ ပြည့်စုံအောင်လိုအပ်တဲ့အရာလေးတွေအားလုံး ပြည့်ပြည့်စုံစုံ တည်ဆောက်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ပြည်သူပြည်သားအားလုံးလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှာဖြစ်တဲ့အတွက် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးရဲ့ ဝိုင်းမော်မြို့နယ်တွင်ရှိသော ကန်ပိုင်တီနယ်စပ်ကုန်သွယ်ရေးစခန်းရုံးကို လက်ရှိထက်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သောအခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ (X-Ray)စသဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိမေးခွန်း နှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကချင်ပြည်နယ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းအား ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစတင်ဖွင့်လှစ်ပြီး တစ်ဖက်တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှု

လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အပြည့်အဝဝန်ဆောင်မှုပေးနိုင်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၀ ဖြင့် Weight Bridge နှင့် ဆက်စပ်လုပ်ငန်များကို ဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ်အစိုးရရဲ့ ပြည်နယ်ရန်ပုံငွေမှ ကျပ်သန်း ၇၀ ဖြင့် Weight Bridge အဝင်/အထွက်ကွန်ကရစ်ချဉ်းကပ်လမ်း ၂၄ ပေအကျယ် အရှည် ၃၀၀ ပေ တည်ဆောက်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် ငါးနှစ်စီမံကိန်းလျာထားချက်တွင်လည်း ကန်ပိုက်တီကုန်သွယ်ရေးစခန်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်း အရှည်ပေ ၄၀၀၀၊ အမြင့်ပေ ၆ ပေကို ဆောင်ရွက်ရန်အတွက် တန်ဖိုးငွေကျပ် ၈၄ သန်းအားထည့်သွင်းလျာထားပေးပါတယ်။ လက်ရှိမှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းရဲ့ကုန်သွယ်မှုပမာဏဟာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွက် အမေရိကန်ဒေါ်လာ ၁၉၆.၄၉၄ သန်းမျှရှိပြီးစုစုပေါင်းနယ်စပ်ကုန်သွယ်မှုတန်ဖိုးရဲ့ ၃.၂၇ ရာခိုင်နှုန်းမျှရှိပါတယ်။ ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုတိုးတက်များပြားလာတာနဲ့အမျှ လက်ရှိကာလထက် ပိုမိုဝန်ဆောင်မှုပေးနိုင်ရန်လိုအပ်သောအခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ပို့ကုန်သွင်းကုန်ယာဉ်ရပ်နားစခန်းများ၊ သိုလှောင်ရုံများ၊ ကုန်ပစ္စည်းစစ်ဆေးသည့် (X-Ray)စက်တို့အား လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန် စီမံထားရှိပါတယ်။

ထို့အပြင် ကန်ပိုက်တီတွင် တရုတ်နိုင်ငံဘက် ပေါင်ရှန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲနှင့် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရန် စီစဉ်ထားရှိပါတယ်။ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ ဖော်ထုတ်တည်ထောင်ရာတွင် စိတ်ပါဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအားစိတ်ဝင်စားမှုဖော်ပြလွှာ EOI ခေါ်ယူခြင်းနှင့်အဆိုပြုတင်ပြလာသည့်အပေါ် စိစစ်ရွေးချယ်ခြင်းတို့ကိုဆောင်ရွက်ရန် နယ်စပ်စီးပွားရေးဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ EOI ခေါ်ယူရေး

နှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် မေလအတွင်းမှာ EOI ခေါ်ယူရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသည့်ကုမ္ပဏီများကိုဖိတ်ခေါ်၍ နယ်စပ်စီးပွားရေးဇုန်များ ထူထောင်ရန်ကိစ္စ အကြမ်းဖျင်းပုံစံ(Concept Plan)ကို ရှင်းလင်းပြောကြားပြီး ကနဦးအလွတ်သဘောဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ-တရုတ်နယ်စပ် ကချင်ပြည်နယ်၊ ကန်ပိုက်တီတွင် မကြာမီကာလအတွင်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တစ်ခု စနစ်တကျပေါ်ထွန်းလာမှာမည်ဖြစ်၍ ဦးလဂန်ဇယ်ဂျုံး၏မေးခွန်းပါ လက်ရှိထက်ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့်အခြေခံအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း၊ ကုန်သိုလှောင်ရုံများ၊ ကတ္တားများ၊ စစ်ဆေးရေးကိရိယာ(X-Ray)စသဖြင့် အခြားလိုအပ်သည်များကို တိုးမြှင့်တည်ဆောက်မည့်အစီအစဉ်များ ပါဝင်လာမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆန်စက်များမှ ဘေးထွက်ပစ္စည်းများအဖြစ် ထွက်ရှိလာသော ဖွဲနုကို အကျိုးရှိအောင် သုံးစွဲရန် မည်သို့စီစဉ်ထားပြီး ဖွဲနုဆီစက်အသစ်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ဖွဲနုဆီစက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဆန်စက်တွေကနေပြီးတော့ ဘေးထွက်ပစ္စည်းအဖြစ် ထွက်လာတဲ့ ဖွဲနုကို ဘယ်လိုအကျိုးရှိအောင် စီစဉ်ဆောင်ရွက်ထားပါသလဲ။ မြန်မာနိုင်ငံမှာရှိတဲ့ ဖွဲနုဆီစက်အဟောင်းတွေကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။ ဖွဲနုဆီစက်အသစ်ဆောက်လုပ်ရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံပါ။ ဆန်စပါးကို အဓိကထားပါတယ်။ ASEAN Agriculture Community Out

load 2018 ဇယားပါ။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်က ဆန်စပါးထုတ်လုပ်မှုပါ။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်မှာ ၂၇ သန်းလောက်ရှိပြီးတော့ ၂၀၁၈ ခုနှစ်မှာ ၂၉ သန်းခွဲနီးပါးရှိနေပါတယ်။ ဒါက တော့ စိုက်ပျိုးတဲ့ဧက ဧရိယာတွေပါ။ ဟက်တာနဲ့ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ၂၉ သန်းခွဲ လောက်ဆန်စပါးကို ကြိတ်ခွဲလိုက်တဲ့အခါမှာ ဖွဲနုတွေရပါတယ်။ ဒီဖွဲနုတွေကို ထုတ်လိုက်မယ်ဆိုရင် ဖွဲနု ဆီစက်တွေတည်လိုက်မယ်ဆိုရင် ဖွဲနုဆီတွေ ရလာမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ အခုတော့ ဖွဲနုဆီ တွေကို နိုင်ငံခြားကနေပြီးတော့ မြန်မာပြည်ထဲကို ပြန်လည်တင်သွင်းနေတာ တွေ့ရပါတယ်။ ဖွဲနုဆီမှာ ဆိုရင်တော့ ကောင်းကျိုးတွေ အများကြီးရှိပါတယ်။ Antioxidant ပါတဲ့အတွက် အရွယ်တင်နုပျို စေပါတယ်။ Vitamin E ပါတဲ့အတွက်လည်း အသားရည်တွေ လှပစေပါတယ်။ B Vitamins တွေပါတဲ့ အတွက် စွမ်းဆောင်ရည်မြင့်ပါတယ်။ Essential Fatty Acid ပါတဲ့အတွက် အဓိကလိုအပ်တဲ့အဆီတွေ ပါဝင်ပါတယ်။ Phytosterols ဆိုတဲ့ ဓာတ်ပစ္စည်းပါတဲ့အတွက် သွေးချိုဆီးချိုကိုလည်း ထိန်းညှိ ပေးပါတယ်။ အမျိုးသားတွေအတွက်ဆိုရင်တော့ Prostate Health လို့ခေါ်တဲ့ Prostate ကျန်းမာရေးအတွက်လည်းကောင်းပါတယ်။ Cholesterol Metabolism ကို ထိန်းညှိပေးတဲ့အတွက် ကိုယ်အဆီထိန်းညှိပေးတယ်။ မကောင်းတဲ့ LDL လို့ခေါ်တဲ့အဆီတွေကို လျှော့ချပေးတဲ့အတွက် အသည်းအဆီဖုံးတဲ့သူတွေ၊ အဝလွန်တဲ့သူတွေ သုံးသင့်ပါတယ်။ Omega 3 တို့၊ Omega 6 တို့၊ Omega 9 တို့ပါတဲ့အတွက် ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုပါတယ်။ Various Phytonutrients တွေပါတဲ့အတွက် Disease Prevention ရောဂါတွေကို ကာကွယ်ပေးတာ ဖြစ်ပါ တယ်။ အဲဒီတော့ အဲဒီဖွဲနုတွေကို ကျွန်တော်တို့က အဆီထုတ်လိုက်မယ်ဆိုရင် ဖွဲနုဆီရပါတယ်။ ဖွဲနုဆီ ထုတ်ပြီးသားအဖတ်ကလည်းပဲ တာရှည်ခံပါတယ်။ ဖွဲနုဆီမထုတ်ဘဲနဲ့ဆိုရင် အကြာကြီးမခံပေမဲ့ ဖွဲနုဆီ ထုတ်တားတဲ့အခါမှာ ဒီဖွဲနုက အကြာကြီးခံပါတယ်။ နွားစာ၊ ဝက်စာ၊ ကြက်စာ၊ ခွေးစာ၊ ကြောင်စာ၊ ငါးစာ စသည်တွေမှာ ရောစပ်အသုံးပြုလို့ရပါတယ်။

အဲဒီတော့ ဖွဲနုဆီစက်ဟာ မြန်မာပြည်နဲ့မစိမ်းပါဘူး။ ၁၉၆၀ ခုနှစ်လောက်ကတည်းက သာကေတစိန်ကျော်တို့၊ မဟာကောက်ပဲသီးနှံဖွဲနုဆီစက်တို့၊ သဃ်န်းကျွန်းတို့မှာ ရှိပါတယ်။ ၁၉၆၂ ခုနှစ်မှာလည်း ပေါင်းတည်၊ ဟင်္သာတ၊ စစ်တွေ၊ လက်ပံတန်း၊ မော်လမြိုင်၊ အင်းစိန်၊ ညောင်လေးပင်၊ ပဲခူး၊ လှိုင်တို့မှာရှိပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျောက်တန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဇီးကုန်း၊ ဖြူး၊ မြောင်းမြတွေမှာ ရှိပါတယ်။ ၂၀၀၂ ခုနှစ် ကျောက်ဆည်မှာတည်တာ

ကတော့ နောက်ဆုံးဖြစ်ပါတယ်။ ဖွဲ့နုဆီစက်ဝန်ထမ်းတွေကလည်းပဲ ဒီအလုပ်အပေါ်မှာ အများကြီး သံယောဇဉ်ရှိပါတယ်။ အခုအထိလည်း အချင်းချင်းဆက်သွယ်နေကြပါတယ်။ ဖွဲ့နုဆီလုပ်ငန်းကိုလည်း အောင်မြင်အောင်ဆောင်ရွက်လိုတဲ့ဆန္ဒတွေလည်း ရှိကြပါတယ်။ အဲဒီတော့ ဖွဲ့နုဆီကောင်းရဖို့ ဆိုရင်တော့ ဖွဲ့နုက သန့်ရှင်းရမယ်။ လတ်ဆတ်ရမယ်။ နောက် နည်းပညာအမြင့်ကိုလည်း သုံးရပါမယ်။ ဒီလို ဖွဲ့နုဆီကို ကျွန်တော်တို့ထုတ်နိုင်မယ်ဆိုရင် ဖွဲ့နုတွေကို တိရစ္ဆာန်အစာတွေအတွက်လည်းပဲ ကြာရှည်အသုံးခံနိုင်မယ်။ ဖွဲ့နုဆီလည်းရမယ်။ ကျန်းမာရေးနှင့်ကိုက်ညီတဲ့အတွက် လူတွေကိုလည်း အထောက်အကူဖြစ်မယ်။ ဒီအပြင် နိုင်ငံခြားကနေပြီးတော့ဝင်လာနေတဲ့ ဖွဲ့နုဆီကိုလည်း ဟန့်တားရာ ရောက်တဲ့အတွက် နိုင်ငံကနေပြီးတော့ ပြင်ပကိုထွက်တဲ့ နိုင်ငံခြားငွေလည်း လျော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့နုဆီစက်အသစ်တွေ ဆောက်ရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ ဆန်စက်များ မှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသောဖွဲ့နုကို အကျိုးရှိအောင် သုံးစွဲရန် မည်သို့စီစဉ်ဆောင်ရွက် ထားပါသနည်း။ မြန်မာနိုင်ငံရှိ ဖွဲ့နုဆီစက်အဟောင်းများကို မည်ကဲ့သို့ ဆောင်ရွက်နေပါသနည်းနှင့် မြန်မာ နိုင်ငံတွင် ဖွဲ့နုဆီစက်အသစ်များ တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန (ယခင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး)တွင် ဆန်စက် ၆၉ စက်နှင့် ဖွဲ့နုဆီစက် ၁၉ စက်ကို နိုင်ငံတော်ပိုင်အဖြစ် ကြီးကြပ်ထုတ်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းဆန်စက်များမှ ဘေးထွက် ပစ္စည်းအဖြစ် ထွက်ရှိသော လတ်ဆတ်သည့်ဖွဲ့နုများကို နိုင်ငံပိုင်ဖွဲ့နုဆီစက် ၁၉ စက်တွင်တစ်နေ့လျှင်

ဖွဲနု ၄၃၇ တန် ကြိတ်ခွဲခဲ့ပြီး ဖွဲနုဆီသန့်စင်နိုင်သည့် ဆီစက် ၉ စက်မှ တစ်နေ့လျှင် ဆီသန့် ၈၆ တန် သန့်စင်ထုတ်လုပ်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်တွင် ပြောင်းလဲခဲ့သည့် မူဝါဒအသစ်အရ ဆန်စပါးရောင်းဝယ်ခြင်း(ဝယ်ယူ/ သယ်ယူ/သိုလှောင်/ကြိတ်ခွဲ/ဖြန့်ဖြူး/တင်ပို့ခြင်း)လုပ်ငန်းများကို မြန်မာ့လယ်ယာထွက်ကုန် ရောင်းဝယ်ရေးမှ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်ပိုင်ဆန်စက်နှင့် ဖွဲနုဆီစက်များ အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ဦးဆောင်ကြီးကြပ်မှုဖြင့် လေလံတင်ထုခွဲရောင်းချခဲ့ရာ ဖွဲနုဆီစက် ၁၈ ရုံကို တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကကဏ္ဍသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိတွင် ဝန်ကြီးဌာနလက်ဝယ်၌ တင်ဒါအောင်မြင်ခြင်းမရှိသေးသည့် ကျောက်ဆည် ဖွဲနုဆီစက်တစ်ရုံသာ ကျန်ရှိပါတယ်။ တင်ဒါအောင်မြင်ခြင်းမရှိသေးသည့် ကျောက်ဆည်ဖွဲနုဆီစက် ကိုလည်း လေလံတင်ထုခွဲရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံခဲ့ပါ တယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ဆန်စပါးလုပ်ငန်းများမှာ တိုက်ရိုက်ပါဝင်မှုမရှိတော့ဘဲ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရှာဖွေပေးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ဈေးကွက်စောင့်ကြည့်ရေးနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်များ ပံ့ပိုးမှုလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာဖွံ့ဖြိုးရေးတို့ကို အထောက်အကူ ပြုဆောင်ရွက်လျက်ရှိတဲ့အပြင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ အကာအကွယ်ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ဖက်တွင် ပြည်တွင်းအသုံးပြုရန် လိုအပ်ချက်ရှိသဖြင့် ဖွဲနုဆီ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့် ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုထားရှိရာ ဖွဲနုဆီတင်သွင်းမှု အနေဖြင့် မြဝတီကုန်သွယ်ရေးစခန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၈.၀၈၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၀၂၅ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၉.၄၄၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၀၁၃ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မေလ ၃ ရက်နေ့အထိ ၁၃.၆၂၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၀၂၂ သန်းကို တင်သွင်းခဲ့မှုရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာပါတဲ့ ဖွဲနုဆီစက်အသစ်များ တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းချက်နှင့်ပတ်သက်၍ ဖွဲနုဆီစက်အသစ်များကို နိုင်ငံပိုင်လုပ်ငန်းအနေဖြင့် တည်ဆောက်ရန်အစီအစဉ်မရှိသော်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ကျစေပြီး

ကျန်းမာရေးအတွက် အကျိုးရှိမည့် ဖွဲနုဆီများကို ပြည်သူများ စားသုံးလာနိုင်စေရန်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် တိုးတက်များပြားလာသည့် တိရစ္ဆာန်အစားအစာရရှိလာနိုင်ရန် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍရဲ့ဖွဲနုဆီစက်များတည်ဆောက်မှုကို အားပေးလျက်ရှိပါတယ်။ လက်ရှိ အချိန်တွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ခေတ်မီဆန်စက်ကြီးများ တိုးချဲ့တည်ဆောက်လာတာနဲ့အတူ စပါးများကြိတ်ခွဲရာမှ ဖွဲနုများ ပိုမိုထွက်ရှိလာတဲ့အတွက် ဖွဲနုမှ အဆီပါဝင်မှုကို လျှော့ချ၍ တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်ရန် ဖွဲနုဆီထုတ်လုပ်မှုအစီအမံများကိုလည်း ဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီ(MAPCO)အနေဖြင့် ကျိုက်လတ် မြို့နယ်၊ မြောင်းမြမြို့နယ်များ၌ တစ်နေ့လျှင် ဖွဲနုဆီကြမ်းတန် ၂၀၀ ကျ ဖွဲနုဆီစက်တစ်လုံးအား ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်သွားရန်ရှိပြီး တွံတေးမြို့နယ်တွင် တစ်နေ့လျှင် သန့်စင်ပြီး ဖွဲနုဆီတန်(၅၀) ထုတ်လုပ်နိုင်မည့်ဆီချောစက်ကိုလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ယင်းကဲ့သို့ ပြည်တွင်း၌ ခေတ်မီဆန်စက်ကြီးများတိုးချဲ့တည်ဆောက်ပြီး ထွက်ရှိ လာသောဖွဲနုများကို အသုံးပြု၍ ဖွဲနုဆီထုတ်လုပ်ရန်အတွက် ဖွဲနုဆီစက်များတည်ဆောက်ပြီးစီးပါက ကျန်းမာရေးအတွက် အထောက်အကူပြုမည့် ဖွဲနုဆီများ ထုတ်လုပ်နိုင်ပြီး ပြည်ပမှတင်သွင်းရမည့် စားသုံးဆီလိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းနိုင်မည်ဖြစ်သည့်အပြင် မွေးမြူရေးလုပ်ငန်းများအတွက် တိုးပွားလိုအပ်လာတဲ့ တိရစ္ဆာန်အစားအစာများကိုလည်း ထုတ်လုပ် နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဖွဲနုဆီစက်တွေကို ၁၉ စက်ရှိတယ်။ ၁၈ စက်ကိုတော့ ပုဂ္ဂလိကပိုင်အနေနဲ့ ရောင်းလိုက်တယ်ဆိုတော့ အဲဒီပုဂ္ဂလိကပိုင်အနေနဲ့ ဝယ်ယူသွားတဲ့ သူတွေအနေနဲ့လည်းပဲ ဖွဲနုဆီစက်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခြင်းရှိ/မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းကို မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ဒီအချက်ဟာ ထောက်ပြသင့်တဲ့အချက် ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းမယ်ဆိုပြီးတော့မှ ဆန်စက်တွေနဲ့ ဖွဲနုဆီစက်တွေကို ပုဂ္ဂလိကကဏ္ဍကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကနေပြီးတော့မှ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီလိုလွှဲပြောင်းခဲ့ပေမဲ့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ ပုဂ္ဂလိကကဏ္ဍဟာ ဒီလုပ်ငန်းတွေကို ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားလိမ့်မယ်လို့ မျှော်မှန်းထားပေမဲ့ တကယ်တမ်းကျတော့ လွှဲပြောင်းပေးအပ်လိုက်တဲ့ ဆန်စက်တွေကိုလည်း ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲနဲ့ တော်တော်များများက လုပ်ကိုင်ခြင်းမရှိတော့ဘဲနဲ့ မြေယာရရှိရေးအတွက်သာ ဆောင်ရွက်သွားကြတာကို တွေ့ရပါတယ်။ အဲဒီတော့ ဖွဲနုဆီစက်တွေကိုလည်း ကြည့်မယ်ဆိုလို့ရှိရင် လွှဲပြောင်းပေးလိုက်တဲ့ ဖွဲနုဆီစက်များဟာ ဆက်လက်ပြီးတော့မှ ဖွဲနုဆီလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါဟာဆိုလို့ရှိရင်တော့ နိုင်ငံတော်ရဲ့ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍလွှဲပြောင်းတယ်လို့ဆိုပေမဲ့ ပုဂ္ဂလိကက ဆက်လက်ပြီးတော့မှ ဆောင်ရွက်ခြင်းမရှိတာဟာဆိုလို့ရှိရင် နိုင်ငံတော်အတွက် ထိခိုက်နစ်နာဆုံးရှုံးမှုတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ ကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက်သည့် နည်းလမ်းများကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ သာလီစွပါလို့ နှုတ်ခွန်းဆက်ပါ တယ်။ ကျွန်တော်က ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကျောက်တော်မြို့နယ်မှာ အပေါက်ဝဆိုတဲ့ရွာကြီးတစ်ရွာရှိပါတယ်။ အိမ်ခြေ ၁၀၀၀ ကျော်နဲ့ လူဦးရေ ၅၀၀၀ ကျော်ရှိတယ်။

ရဲကင်းတွေ၊ တိုက်နယ်ဆေးရုံတွေ၊ အထက်တန်းကျောင်းတွေနဲ့ ရန်ကုန်-စစ်တွေကားလမ်းမကြီးဘေးက တော်တော်စည်ကားတဲ့ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်ခင်ဗျား။ တစ်ချိန်တည်းမှာ ကုလားတန်မြစ်ရဲ့ ကမ်းနားဖူးမှာတည်ရှိတဲ့အတွက် အနီးနားကျေးရွာတွေရဲ့ ကူးသန်းရောင်းဝယ်တဲ့အဓိကဈေးကွက်ကြီး တစ်ခုလည်းဖြစ်ပါတယ်။ ပြီးတော့ ကျောက်တော်မြို့နယ်မှာ ကုလားတန်မြစ်တစ်လျှောက်မှာ မြစ်ရေ တိုက်စားမှုကို ဆိုးဆိုးရွားရွားခံနေရတဲ့ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ နှစ်စဉ် မြစ်ရေတိုက်စားမှု ကြောင့် အိမ်ခြေတန်းတွေ၊ ဈေးတန်းတွေ၊ ရွာလမ်းတွေ တော်တော်များများဟာ မြစ်ရေနဲ့အတူ မျောပါ နစ်မြုပ်ခဲ့ရတာ နှစ်စဉ်နှင့်အမျှ ဖြစ်ပါတယ်။ အဲဒီအခြေအနေတွေအပေါ်မှာ နိုင်ငံတော်ကနေပြီးတော့မှ ကမ်းထိန်းနံရံတွေလုပ်ပါတယ်။ မှတ်မှတ်ရရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ပါတယ်။ ကျွန်တော်တို့လုပ်ပါတယ်။ လုပ်တော့ အဲဒီကမ်းထိန်းနံရံတွေက လုပ်တဲ့နှစ်မှာပဲ တချို့နံရံတွေဟာ ပြန်ပြီးတော့ ပြိုကျသွားတာတွေရှိတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ထပ်ထည့်တယ်။ ထပ်လုပ်တယ်။ ထပ်ပြိုတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလုပ်တယ်။ လောလောဆယ်အထိလည်း ကမ်းပြိုတဲ့ဒဏ်ကို ရွာသားတွေက ဆိုးဆိုးရွားရွားခံနေကြရတာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point လေးတစ်ချက်လောက်ပြပါ။ ဒါက အပေါက်ဝကျေးရွာရဲ့ ကမ်းထိန်းနံရံလုပ်ထားတဲ့အခြေအနေ တွေဖြစ်ပါတယ်။ ဒါက ပြိုကျနေတဲ့အခြေအနေတွေဖြစ်ပါတယ်။ ဒါက ရေကျသွားတဲ့အခါမှာ ကမ်းထိန်း နံရံတွေရဲ့အောက်ခြေတွေကို မြင်နေရတဲ့အခြေအနေတွေဖြစ်ပါတယ်။ ဒါက ရေအရင်းအမြစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က ကျွမ်းကျင်တဲ့လူတွေတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ Option တစ်ခုအနေနဲ့စဉ်းစားကြည့်တာက ရေလမ်းကြောင်းကို ဒီဘက်ကအစွန်လေးက နှစ်စဉ်လိုလို သောင်ထွန်းနေတဲ့နေရာဖြစ်ပါတယ်။ ရေလမ်းကြောင်းကိုလွှဲမယ့် တူးမြောင်းတစ်ခုခုများ ကျွန်တော်တို့ တူးရင်ဖြစ်နိုင်မလားဆိုတာလေးတစ်ခုကို Option အနေနဲ့စဉ်းစားကြည့်ပါတယ်။ ဒီထက်ကောင်းတဲ့ နည်းလမ်းတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ သေချာတာတစ်ချက်ကတော့ နှစ်စဉ်လိုလိုကြေကွဲစရာ၊ တကယ့်ကိုထိတ်လန့်စရာကောင်းတဲ့ ကမ်းပြိုမှုတွေကို ရွာသားတွေက ခံစားနေရတယ်။ နိုင်ငံတော် ကလည်း ဘတ်ဂျက်တွေချပေးတယ်။ တကယ့်အောက်ခြေမှာ Effective ဖြစ်တဲ့ အခြေအနေမရှိဘူး ဆိုတော့ တစ်စုံတစ်ခု ဒီအထဲမှာ လွဲချော်နေတာရှိတယ်။ ဒါကို ကျွန်တော်တို့က သေချာသုတေသန လုပ်ပြီးတော့ တကယ့်နိုင်ငံတော်ရဲ့ဘတ်ဂျက်တွေကိုလည်း ပြည်သူကိုအကျိုးရှိရှိခံစားလို့ရအောင် နှစ်စဉ်လိုလို ကျွန်တော်တို့စိုးရိမ်နေရတဲ့ပြည်သူတွေရဲ့ အိပ်မက်ဆိုးတွေကလည်း လွတ်ကင်းအောင်

စနစ်တကျသုတေသနလုပ်ပြီးတော့မှ ဌာနက စီစဉ်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ကမ်းပြိုမှု အန္တရာယ်ကို တားဆီးပေးနိုင်မှုအခြေအနေကောင်းတစ်ခုခုကို ပြုလုပ်ပေးစေလိုတဲ့စေတနာနဲ့ ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာကမ်းပြိုမှုအန္တရာယ်အား တားဆီးကာကွယ်ရန် ထိရောက်သည့်နည်းလမ်းများကို စနစ်တကျသုတေသနပြု ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍တင်ပြခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေစုစုပေါင်း ကျပ် ၁၁၆၀.၄၈ သန်းနဲ့ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွေမှာ ဘိုးပိုင်အခြေပြုကျောက်စီကမ်းထိန်းနံရံအလျား ၁၁၇၀ နှင့် သဲအိတ်စီသဲမွေ့ယာအုပ် ရေလွှဲရေကာ ပေ ၂၀၀x ၁ ခုတို့ကို တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီကမ်းထိန်းနံရံများ၏အထက်ဘက်ရှိ ဘင်္ဂါလီရပ်ကွက် ကမ်းပြိုမှုမှကာကွယ်ရန် အနောက်ရိုးမဏ္ဍိုင်ကုမ္ပဏီက ဘိုးပိုင်အခြေပြုကျောက်စီကမ်းထိန်းနံရံအလျားပေ ၇၀၀ ကို ၂၀၁၇ ခုနှစ်နှစ်ကုန်ပိုင်းမှာ ထပ်မံဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်နေတဲ့ အနောက်ရိုးမမဏ္ဍိုင်ကုမ္ပဏီရဲ့မြေထိန်းအလျား ပေ ၇၀၀ အနက် အလျား ပေ ၃၀၀ ခန့်က ကိုယ်စားလှယ်တော်ကြီး

တင်ပြသွားတဲ့အတိုင်း ရုတ်တရက်ပြိုကျခဲ့ပြီး ပြိုကျမှုကြောင့် မြစ်ကြေဘက်မှာရှိတဲ့ အဆိုပါ မြေထိန်းနံရံနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိတဲ့ မြေထိန်းနံရံဟောင်းပေ ၁၀၀ ကျော်ခန့်မှာ မိနစ်အနည်းငယ်ခြား၍ ဆက်လက်ပြိုကျခဲ့ပါတယ်။ အဆိုပါ ဖြစ်စဉ်များအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းတာရေးလုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်ပြီး ရေနက်အိုးနီးကပ်စွာဖြစ်ပေါ်နေခြင်းမှ သက်သာစေရန် သဲအိတ်များချထားဆောင်ရွက်ပေးခဲ့ပါတယ်။ ပျက်စီးသွားမှုတွေကို ပြန်လည်ဆောင်ရွက်မှုများမရှိတဲ့အတွက် အလျား ပေ ၃၀၀ ကျော်ခန့်ချိုင့်ခွက် ဖြစ်ပေါ်လျက်ရှိပြီးတော့ မိုးရာသီရေများချိန်မှာ ကုလားတန်မြစ်ရေဟာ အဆိုပါချိုင့်ခွက်အတွင်း ဦးတည်ဝင်ရောက်၍ ပြန်ထွက်လာတဲ့ရေကြောင်းဟာ အောက်ဘက် ပေ ၆၀၀ ကျော်အကွာဘက်သို့ ဝဲပြန်လိုက်စားမှုဖြစ်စေပြီးတော့ ရေအနက်တိုးမြှင့်လာတာကြောင့် မြစ်ကြေဘက်ရှိကျောက်စီမြေထိန်းနံရံများ မငြိမ်မသက်မှုဖြစ်ပေါ်လာခဲ့ပါတယ်။ ယခုနှစ် မိုးကုန်ရာသီကာလမှာ ပိုမိုသိသာစွာ မြေသားနိမ့်ကျမှုများ ဖြစ်ပေါ်လာသဖြင့် ကျောက်ရိုးများရဲ့အပေါ်ယံပိုင်းကို ကြိုတင်ဖြိုဖျက်ပြီးတော့ Weight လျှော့ချဆောင်ရွက်ပြီး ရေနက်အိုးအတွင်း တန်ပြန် Weight၊ Counter Weight ရရှိစေရေးအတွက် သဲမွေ့ယာချထားခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်ပြီးခဲ့ပါတယ်။

အဲဒါအပြင် တစ်ဘက်ကမ်းရှိ သောင်စွယ်ကို ကုဗမီတာ ၁၄၇၇၅၃ ခန့် တူးဖော်ဖြတ်ထုတ်ပစ်ခြင်းနှင့် ကျောက်စီကမ်းထိန်းနံရံပြုပြင်ခြင်း အလျားပေ ၃၀၀ ဆောင်ရွက်ခြင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၅၀ ခွင့်ပြုရရှိထားပြီးဖြစ်ပါ၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများကို ၉-၂-၂၀၁၉ ခုနှစ်မှစတင်ပြီး ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်ထိ လုပ်ငန်း ၆၈ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ် ဇွန်လမကုန်မီ တွင် လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးရန် လျာထားပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာဟာ ကုလားတန်မြစ်၏တံတောင်ဆစ်အချိုးအကွေ့ပေါ်တွင်တည်ရှိပြီးတော့ မြစ်ကြောင်းသည် ရွာအနီးမှာကျဉ်းမြောင်းစွာစီးဆင်းမှုကြောင့် ရေတိုက်စားမှုမှာ ပိုပြီးတော့ဆိုးရွားလာကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ရေလွှဲရေကာတန်းများဆောင်ရွက်ခဲ့သော်လည်း ရေအနက်များပြားမှုကြောင့် ရွာရဲ့အထက်ဘက် ပေ ၁၀၀၀၀ ခန့်အထိရှိနေ၍ အဝေးမှ ရေလွှဲနေရမှုကြောင့် ထိရောက်မှုနည်းနေသည်ကို တွေ့ရှိရပါတယ်။ တစ်ဘက်ကမ်းရှိ သောင်စွယ်ကို ပမာဏများစွာတူးဖော်ဖြတ်ထုတ်ခြင်းနှင့် တိုက်ရိုက်

ကာကွယ်မှုအတွက် ဘိုးပိုင်အခြေပြုကမ်းထိန်းနံရံဒီဇိုင်းကို ပိုမိုစိတ်ချရတဲ့ဒီဇိုင်းအဖြစ် မူလဘိုးပိုင်အနက်ကို ရေအနက်ပေ ၄၀ အထိသာမျှော်မှန်း၍ ၄၅ ပေအနက် တူးဖော်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ရေအနက်ပေ ၅၀ အထိရှိလာ၍ ဘိုးပိုင်အနက် ပေ ၆၀ ကျော်အထိတူး၍ ဆောင်ရွက်ရန်လိုအပ်လာခြင်း၊ ရေလွှဲရေကာတန်းများကို ရေအနက် ပေ ၅၀ အထိတိုးမြှင့်၍ စိုက်နိုင်ရန် မူလမျှောရေကာအစား RC ပိုင်တိုင်များ ရိုက်သွင်း၍ ရေလွှဲခြင်း စသည်တို့ကိုပြောင်းလဲ၍ ပြုပြင်ဆောင်ရွက်သွားမှသာ ထိရောက်မှုရှိနိုင်မည်ဟု သုံးသပ်ရရှိပါတယ်။ သို့ဖြစ်ပါ၍ ကုလားတန်မြစ်၊ အပေါက်ဝကျေးရွာရေလမ်းကို နှစ်စဉ်စောင့်ကြည့်၍ တိုင်းတာမှုများပြုလုပ်လျက်ရှိပြီး ပြောင်းလဲမှုများအပေါ် မည်ကဲ့သို့ ထိရောက်စွာဆောင်ရွက်သွားသင့်သည်ကို လေ့လာစိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်တစ်ချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေးပုံးများ(Network Boxes) များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာတပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေးတိုင်များကို စနစ်တကျ ပြုပြင်တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ဗဟန်းမြို့နယ်အတွင်းရှိ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် တစ်ချို့လမ်းများ၏ လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့တည်ဆောက်ထားသော ဆက်သွယ်ရေးပုံးများကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာတပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေသော ဆက်သွယ်ရေးတိုင်များကို စနစ်တကျ ပြုပြင်တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ဒီပုံကတော့ ရွှေဂုံတိုင်မီးပွိုင့်က ပုံဖြစ်ပါတယ်။ ဒီပုံကလည်း ဆက်သွယ်ရေးပုံးများကို ပြင်ဆင်တဲ့အခါမှာ အချိန်ကြာမြင့်စွာ ခြောက်လလောက်ကြာမြင့်အောင် လူသွားစင်္ကြံကိုပိတ်ပြီးတော့ ပြင်ဆင်နေခြင်းပဲဖြစ်ပါတယ်။ ဒီပုံက လူသွားစင်္ကြံအလွန်ကျဉ်းမြောင်းနေတဲ့ ပုံဖြစ်ပါတယ်။ ဒီပုံက ဦးချစ်မောင်လမ်းကပုံဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် ဆက်သွယ်ရေးတိုင်များဟာ ထောင့်တိုင်ထောက်ထားရတဲ့ ပုံဖြစ်ပါတယ်။ ဒီမှာဆို ဆက်သွယ်ရေးတိုင်ဟာဆိုလို့ရှိရင် မနိုင်ဝန်ထမ်းထားရပြီးတော့ ကွန်ကရစ်တောင်မှ ငုံထားရတဲ့ပုံဖြစ်ပါတယ်။ ဒီပုံဆိုလို့ရှိရင်လည်း ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်မှာ ရှုပ်ထွေးစွာတပ်ဆင်ထားတဲ့ ဆက်သွယ်ရေးပုံဖြစ်ပါတယ်။ ဒီပုံမှာဆိုရင်လည်း ရေတာရှည်လမ်းမှာရှိတဲ့ ဆက်သွယ်ရေးကြိုးများကို တပ်ဆင်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုရင်လည်း ဆရာစံလမ်းမှာရှိတဲ့ ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုရင် ဦးချစ်မောင်လမ်းနှင့် မြလမ်းထောင့်ကပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင်လည်း မင်းလမ်းနှင့် ဦးချစ်မောင် လမ်းထောင့်ကပုံ ဖြစ်ပါတယ်။ ဒီပုံဟာလည်း ဆရာစံလမ်းကရှုပ်ထွေးစွာ တပ်ဆင်ထားတဲ့ ဆက်သွယ်ရေးကြိုးများရဲ့ ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင်လည်း ဦးချစ်မောင်လမ်းမှာ ရှုပ်ထွေးစွာတပ်ဆင်ထားတဲ့ ရန်ကင်းမီးပွိုင့်နားက ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင် မြလမ်းနှင့်ဦးချစ်မောင်လမ်းထောင့်မှာ များပြားစွာတပ်ဆင်ထားတဲ့ ဆက်သွယ်ရေးကြိုးများပဲ ဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင် ရားတောရရပ်ကွက်  လူနေထူထပ်တဲ့နေရာမှာ မနိုင်ဝန်ထမ်းထားရတဲ့ ဆက်သွယ်ရေးကြိုးများပဲ ဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင် ရေတာရှည်လမ်းဟောင်းက ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင် ရွှေဂုံတိုင်လမ်းနှင့် ငါးထပ်ကြီးလမ်းထောင့်မှာ သစ်ပင်မှာရှုပ်ထွေးစွာနဲ့ ဆက်သွယ်ရေးကုမ္ပဏီများကနေပြီးတော့ စည်းကမ်းမဲ့လာရောက်တပ်ဆင်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ရွှေဂုံတိုင်မီးပွိုင့်မှာ ဆက်သွယ်ရေးကြိုးများကို ရှုပ်ထွေးစွာတင်ဆင်ထားပြီးတော့ လက်စမသတ်ထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကလည်း ရွှေဂုံတိုင်မီးပွိုင့်နားက ဓာတ်ပုံဖြစ်ပါတယ်။ ဒီပုံဟာဆိုရင် ငါးထပ်ကြီးဘုရားလမ်းကယိုင်လဲတော့မည့် ဆက်သွယ်ရေးတိုင်ဖြစ်ပါတယ်။ ဒီပုံဟာဆိုလို့ရှိရင် ဆရာစံရပ်ကွက်က ရှုပ်ထွေးစွာတပ်ဆင်ထားတဲ့ ဆက်သွယ်ရေးပုံးများပဲ ဖြစ်ပါတယ်။

ဒီမေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ လူသွားစင်္ကြံပေါ်တွင် ဆက်သွယ်ရေးပုံးများ တပ်ဆင်ထားသောကြောင့် အများပြည်သူများက လမ်းမပေါ်မှ ကွေ့ဝိုက်၍ လျှောက်သွားရခြင်း၊ ယာဉ်အန္တရာယ်မကြာခဏကြုံတွေ့နေရခြင်း၊ ဆက်သွယ်ရေးပုံးများ ပြုပြင်ရာတွင်

အချိန်ကြာမြင့်စွာ အကာအရံများဖြင့် ဆောင်ရွက်ခြင်းတို့ကြောင့် အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါတယ်။ အလွန်ရှုပ်ထွေးများပြားသော ဆက်သွယ်ရေးကြိုးများကို စည်းကမ်းမဲ့လာရောက်တပ်ဆင်ခြင်းကြောင့် မြို့နယ်၏အလှအပကိုလည်း ရုပ်ဆိုးအကျည်းတန်ရုံသာမက အများပြည်သူရဲ့ နေအိမ်အရှေ့များတွင် ပိတ်ဆို့နေခြင်း၊ မနိုင်ဝန်ထမ်းနေရသော ဆက်သွယ်ရေးတိုင်များပြိုလဲခြင်း၊ ယိုင်နဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်နေသဖြင့် အများပြည်သူအထိန့်တလန့်ဖြစ်နေရပါတယ်။ ထို့အတွက်ကြောင့် မဲဆန္ဒရှင်များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၏ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်တစ်ချို့လမ်းများ၏ လူသွားစင်္ကြံပေါ်မှာ ပိတ်ဆို့တည်ဆောက်ထားတဲ့ ဆက်သွယ်ရေးပုံးများ(Network Boxes)များကို ပြောင်းရွှေ့ပေးရန်နှင့် ရှုပ်ထွေးစွာတပ်ဆင်ထားတဲ့ ဆက်သွယ်ရေးကြိုးများ၊ ယိုင်လဲနေတဲ့ ဆက်သွယ်ရေးတိုင်များကို စနစ်တကျ ကောင်းမွန်အောင် ပြုပြင်တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်အပေါ် ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် အချိန်ကိုအနည်းငယ် ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အော်တိုတယ်လီဖုန်းသုံးစွဲသူများ ပိုမိုအဆင်ပြေစေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုအပေါ် စိတ်ကျေနပ်မှုရရှိစေရန်အတွက် လက်ရှိအသုံးပြုလျက်ရှိတဲ့ အော်တိုတယ်လီဖုန်းအိတ်ချိန်းများရှိ စက်ပစ္စည်းများနေရာမှာ IP စနစ်သုံး

ခေတ်မီ Multi Service Access Node(MSAN) အိတ်ချိန်းစက်ပစ္စည်းအသစ်များဖြင့် အစားထိုးလဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်များ ချမှတ်၍ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းတွေနှင့် လူသွားစင်္ကြံ များမှာ ကွန်ကရစ်တိုင်၊ Cabinet Box၊ MSAN စက်အသစ်ပုံးစတဲ့ ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ တည်ဆောက်တပ်ဆင်တဲ့နေရာမှာ လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ ဆက်သွယ်ရေး ဥပဒေ၊ နည်းကဥဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နေရာအသုံးပြုခွင့် (Right of Way)ကို စီမံခန့်ခွဲပိုင်ခွင့် ရှိသူဖြစ်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ညှိနှိုင်းခွင့်ပြုချက်ရယူပြီး သတ်မှတ်ထားတဲ့ သင့်လျော်တဲ့နေရာများ၌သာ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဗဟန်းမြို့နယ်အတွင်း ၁၉-၁-၂၀၁၉ မှ စတင်၍ ယခင်တည် ဆောက်ထားသော Cabinet Box အဟောင်းများအစား ၎င်းတို့ဘေး၌ MSAN စက်အသစ် Cabinet Box များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ရဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူများဟာဆိုရင် ဗဟန်းမြို့နယ်အတွင်းရှိ ရွှေဂုံတိုင်လမ်းမကြီး၊ ဦးချစ်မောင်လမ်းမ၊ တက္ကသိုလ်ရိပ်သာလမ်းမ၊ မင်းလမ်းနှင့် ကျောက်မြောင်းဈေးလမ်းတို့မှာ MSAN စက်ပစ္စည်းတပ်ဆင်မည့် Foundation နေရာများဟာဆိုရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးထားတဲ့ နေရာများနှင့်ဧရိယာအတိုင်းဖြစ်စေရေး၊ တည်ဆောက်ရေး လုပ်ငန်းများကြောင့် လူသွားစင်္ကြံလမ်းပိတ်ဆို့မှုများမဖြစ်ပေါ်စေရေးနှင့် မဖြစ်မနေ လူသွားစင်္ကြံလမ်း ကို ပိတ်၍လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါကလည်း ၎င်းနေရာ၌ တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေးတို့အတွက် တာဝန်ပေးအပ်ထားတဲ့ တည်ဆောက်ရေးကုမ္ပဏီများကို ၃-၄-၂၀၁၉ ခုနှစ်မှာ သွားရောက်စစ်ဆေး၍ ညွှန်းကြားခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ အချို့သောနေရာတို့၌ NSAN စက်များ တည်ဆောက်တပ်ဆင်စမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေဆဲဖြစ်၍ လမ်းများပေါ်၌ ကေဘယ် ကြိုးများရှုပ်ထွေးနေပြီး လမ်းသွားလမ်းလာများ ထိခိုက်မှုမရှိအောင် အရံအတားများ ကာရံထားရခြင်း ကြောင့် ယာယီလမ်းပိတ်ဆို့ထားသလို ဖြစ်ပေါ်နေခြင်းဖြစ်ပြီး လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးချိန်၌

အဆိုပါအကာအရံများ၊ လုပ်ငန်းခွင်သုံးဆောက်လုပ်ရေးပစ္စည်းများ၊ Cabinet Box အဟောင်းများကို ဖြုတ်သိမ်းခြင်းနှင့် ကေဘယ်ကြိုးများစနစ်တကျ ပြန်လည်စုစည်းခြင်းတို့ကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ဒီပုံလေးကတော့ ခုနက ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ လုပ်ငန်း ဆောင်ရွက်နေတဲ့ အချိန်မှာတော့ တော်တော်လေးရှုပ်ပြီးတော့ ကျွန်တော်တို့လူသွားစင်္ကြံတွေမှာ ပိတ်နေတဲ့အနေအထား ရှိပါတယ်။ ဒါပေမဲ့ လုပ်ငန်းပြီးတဲ့နေရာများမှာကတော့ ပိုမိုရှင်းလင်းသွားတာ ဖြစ်ပါတယ်။ ဒါကလည်း အလားတူပါပဲခင်ဗျား။ အဲဒီအပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ရန်ကုန် တိုင်းဒေသကြီးအတွင်းမှာ ယိုင်နဲ့နေတဲ့ တယ်လီဖုန်းတိုင်များကို တည့်မတ်ခြင်း၊ ဟောင်းလွန်းနေတဲ့ တိုင်များကို အစားထိုးလဲလှယ်ခြင်း၊ သံတိုင်/သစ်သားတိုင်များအစား (၈)မီတာ ကွန်ကရစ်တိုင်များဖြင့် အစားထိုးစိုက်ထူခြင်း၊ လမ်းနှင့်မလွတ်ကင်းတဲ့ တိုင်များကို နေရာပြောင်းရွှေ့စိုက်ထူခြင်း စတဲ့လုပ်ငန်း များအပြင် ကွန်ကရစ်တိုင်များအပေါ်မှာ တပ်ဆင်ထားတဲ့ ကေဘယ်ကြိုးအရေအတွက် လျှော့ချနိုင်ရန် အတွက် ဖိုင်ဘာအမျှင်အရေအတွက် ပိုမိုပါဝင်တဲ့ ကေဘယ်များနှင့် အစားထိုးလဲလှယ်ချိတ်ဆက်နိုင်ရန် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း ရန်ကုန်မြို့တော်အပါအဝင် တိုင်းဒေသကြီး နှင့်ပြည်နယ်များရှိ မြို့ကြီးအချို့မှာ ယိုင်လဲနေတဲ့ ဆက်သွယ်ရေးတိုင်များနှင့် ရှုပ်ထွေးစွာတပ်ဆင်ထား တဲ့ ဆက်သွယ်ရေးကြိုးများကြောင့် မြို့ရဲ့အလှအပကို ထိခိုက်စေတာ အမှန်ပဲဖြစ်ပါတယ်။ သို့ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ် ဇွန်လမှစတင်၍ ရန်ကုန်မြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၀ နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း ရှိမြို့နယ် ၇ မြို့နယ်တို့မှာ စိုက်ထူထားတဲ့ ဆက်သွယ်ရေးတိုင်များနှင့် သွယ်တန်းထားတဲ့ ဆက်သွယ်ရေး ကေဘယ်ကြိုးများကို ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ သွယ်တန်းတပ်ဆင် တည်ဆောက်ထားရှိမှုရှိ/မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန် ပြင်ပ(Thirt Party) ကျွမ်းကျင်သူ အဖွဲ့ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။

အဲဒီပြင်ပကျွမ်းကျင်သူအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရ ကုမ္ပဏီများကို လျော့ကျနေတဲ့ ကေဘယ်များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြန်လည်

**မူကြမ်း**

ပြင်ဆင်ပေးခြင်း၊ ကြံ့ခိုင်မှုမရှိတဲ့ ဆက်သွယ်ရေးတိုင်များကို အသစ်လဲလှယ်စေခြင်း၊ ရွဲ့စောင်းနေတဲ့ ဆက်သွယ်ရေးတိုင်များကို ပြန်လည်တည့်မတ်အောင်ဆောင်ရွက်စေခြင်း၊ ရှုပ်ထွေးနေတဲ့ တယ်လီဖုန်းကြိုးများကို ပြန်လည်ရှင်းလင်းစေခြင်း အစရှိတဲ့ လုပ်ငန်းများကို ဆောင်ရွက်ရန် ပထမအဆင့်အနေဖြင့် လမ်းမတော်မြို့နယ်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ဗဟန်းမြို့နယ် အပါအဝင် ကျန်မြို့နယ်များမှာလည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း၌လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ် ၁၄ မြို့နယ်၊ မော်လမြိုင်မြို့နှင့် မုံရွာမြို့တို့မှာ လိုင်စင်ရကုမ္ပဏီများက တည်ဆောက်ထားတဲ့ ဆက်သွယ်ရေးကြိုးများနှင့် ဆက်သွယ်ရေးတိုင်များကို ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်နှင့်အညီ စနစ်တကျ သွယ်တန်းတပ်ဆင်တည်ဆောက်ထားမှုရှိ/မရှိ ကို မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန်အတွက် ပြင်ပကျွမ်းကျင်သူအဖွဲ့ကို တင်ဒါခေါ်ယူ၍ ငှားရမ်းနိုင်ရေးဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက ယင်းအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လိုင်စင်ရကုမ္ပဏီများကို ညွှန်ကြားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရန်အတွက် ရေရှည်စီမံချက်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အခြားသက်ဆိုင်ရာဌာနများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများ ပူးပေါင်းပါဝင်ပြီး ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်စေရန်နှင့် စနစ်တကျရှိစေရန်အတွက် Smart Pole လို့ခေါ်တဲ့ Antenna များ၊ CCTV များ၊ လျှပ်စစ်လမ်းမီးများ၊ Wifi Device များစသည်တို့ကို တပ်ဆင်အသုံးပြုနိုင်တဲ့ ဘက်စုံသုံးဆက်သွယ်ရေးတိုင်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက BOT စနစ်ဖြင့် တင်ဒါခေါ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်မှာ မြေအောက်ဆက်သွယ်ရေးပိုက်စနစ် (Underground Duct) တည်ဆောက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဗဟန်းမြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက (NSAN) အိတ်ချိန်းစက်ပစ္စည်းအသစ်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စနစ်တကျကြီးကြပ်ဆောင်ရွက်စေခြင်း၊

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၄င်းရမ်းဆောင်ရွက်လျက်ရှိတဲ့ ပြင်ပကျွမ်းကျင်သူအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်ရကုမ္ပဏီများသို့ ညွှန်ကြားဆောင်ရွက်စေခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ စီစဉ်ဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆက်သွယ်ရေးတိုင်များစိုက်ထူခြင်း၊ ကောင်းကင်ကေဘယ်ကြိုးသွယ်တန်းခြင်းများ လျော့နည်းသွားမှာဖြစ်သဖြင့် ဗဟန်းမြို့နယ်အပါအဝင် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှာ ဆက်သွယ်ရေးကေဘယ်ကြိုးရှုပ်ထွေးမှုများလျော့နည်းသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးဖြေကြားသွားတာ စုံစုံလင်လင်ဖြေကြားသွားတဲ့အတွက် ကျေးဇူးအထူးပဲတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို မနေ့ကမှ ဓာတ်ပုံ ၂၀၀ ကျော် မြို့နယ်အတွင်းမှာ ဖြစ်ပျက်နေတဲ့ပုံတွေကို ဆက်လက်ပြီးတော့ တင်ပို့ထားတာရှိပါတယ်။ ဒါတွေကို အချိန်မရလို့ တင်ပြနိုင်ခြင်း မရှိပါဘူး။ အဲဒီတော့ ဝန်ကြီးပြောသလိုပဲ ဝန်ကြီးကတော့ လိုင်စင်ရဆက်သွယ်ရေးကုမ္ပဏီများရှိသလို၊ တရားမဝင်ဘဲနဲ့ လာရောက်ပြီးတော့ Fiber ကေဘယ်တွေကို ဆက်သွယ်ဆောင်ရွက်တဲ့ ကုမ္ပဏီများလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ်တွေမှာမကဘူး ရန်ကုန်တိုင်းအတွင်းမှာ အခြားမြို့နယ်တွေလည်း ဒီလိုပဲရှုပ်ထွေးများပြားနေတဲ့ Fiber ကေဘယ်တွေဟာ မြို့နယ်တွေရဲ့ အလှအပကိုလည်းပဲ ပျက်စီးစေပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့မြေပြင်နဲ့လက်တွေ့ကွာဟနေတယ်ဆိုတဲ့အကြောင်းကိုလည်း လေးစားစွာပြန်လည်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြို့နယ်အတွင်းထဲမှာရှိနေတဲ့ ဒီဆက်သွယ်ရေးအန္တရာယ်ရှိတဲ့တိုင်များကို ဘယ်တော့လောက် အပြီးဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဆက်စပ်မေးခွန်းကို မေးမြန်းတဲ့အတွက် ကျွန်တော်အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း မှန်ပါတယ်။ လက်ရှိအချိန်မှာလည်း

တိုင်းတွေ၊ ကြိုးတွေ ရှုပ်ထွေးမှုတွေလည်းရှိတာ မှန်ပါတယ်။ နောက်တစ်ခုကလည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း ဒီထဲမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့က ဒီလိုင်စင်တွေထုတ်ပေးတဲ့နေရာမှာ စည်းကမ်းချက်တွေနဲ့ မြေအောက်ကေဘယ်ဆိုဘယ်လိုဆွဲရမယ်၊ တိုင်ဆိုဘယ်လိုထောင်ရမလဲ။ Over High ကေဘယ်ဆို ဘယ်လိုဆွဲရမယ်ဆိုတဲ့စည်းကမ်းသတ်မှတ်ချက်တွေနဲ့ အကုန်လုံးကျွန်တော်တို့က သတ်မှတ်ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ ခုနက ပြင်ပက ကျွမ်းကျင်သူအဖွဲ့ကို စစ်ဆေးခိုင်းတဲ့ရည်ရွယ်ချက်ကလည်း ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပဲ တရားမဝင်၊ ခွင့်ပြုချက်မရှိဘဲ ဆွဲထားတဲ့ဟာတွေရှိနေတဲ့အတွက်ကို ဒီဟာတွေကို စစ်ဆေးဖော်ထုတ်ပြီးတော့ အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးမေးတဲ့အတိုင်း ကျွန်တော်တို့က လက်ရှိအခြေအနေအရဖြစ်ပေါ်နေတဲ့အခါမှာလည်း ဝန်ခံပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အနေနဲ့ ဒီဟာကို အရေးယူဆောင်ရွက်နေတယ်။ ဒီဟာကိုလည်း ကျွန်တော်တို့က စည်းကမ်းမဲ့ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေကိုလည်း ကျွန်တော်တို့က အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Network Box တွေ၊ Cabinet Box တွေ တည်ဆောက်တဲ့နေရာမှာ ဒီတရားဝင်ကုမ္ပဏီတွေအနေနဲ့ ဆောင်ရွက်တယ်ဆိုရင်တောင်မှ ဒီ Boxတွေထားတဲ့နေရာ၊ ကြိုးတွေသွယ်မယ့်နေရာ၊ တိုင်တွေထောင်မည့်နေရာလေးက ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့က သတ်မှတ်ပေးရတာမဟုတ်ပါဘူး။ ဥပဒေ၊ နည်းဥပဒေအရ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီတွေကနေပြီးတော့ သူတို့အနေနဲ့က စိစစ်ပြီးတော့ နေရာသတ်မှတ်ပေးတာဖြစ်တဲ့အတွက် ကုမ္ပဏီတွေကတော့ သူတို့သတ်မှတ်ပေးတဲ့နေရာတွေမှာ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီအတိုင်းသတ်မှတ်ပေးတဲ့နေရာမှာ ဆောင်ရွက်တာရှိ/မရှိကိုလည်း ကျွန်တော်တို့အနေနဲ့ စိစစ်ပြီးတော့၊ စစ်ဆေးပြီးတော့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းကလည်း အားလုံးအမှန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဗဟန်းမြို့နယ်မှာ နေထိုင်တဲ့လူတစ်ယောက်ဖြစ်တဲ့အတွက်ကို နေ့စဉ်နှင့် အမျှလည်း ရန်ကုန်ရောက်တဲ့အခါ အမြဲမြင်တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့အနေနဲ့က အမြဲတစေ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရော၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းရော အမြဲတစေ

ကျွန်တော်တို့အနေနဲ့က တိုက်တွန်းညွှန်ကြားပြီးတော့ ဒီဟာတွေအမြန်ဆောင်ရွက်ဖို့ ညွှန်ကြား ဆောင်ရွက်လျက်ရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမှာ ဘယ်တော့အပြီးဆောင်ရွက်ပေးမလဲဆိုတဲ့ဟာကို မေးထားပါ တယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဘယ်တော့ အပြီးဆောင်ရွက်ပေးမလဲဆိုတော့ အမှန်အတိုင်းပြောရင်တော့ ကျွန်တော်တို့က ဒီမြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရော၊ ကျွန်တော်တို့က သူတို့ပေးတဲ့အချက်အလက်ကိုရော၊ ခုနက ကျွန်တော်တင်ပြသွားတဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ခုနကပြောသလို ပုဂ္ဂလိကကုမ္ပဏီကို တင်ဒါ ခေါ်ပြီးတော့ စစ်ဆေးပြီးဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခု ဒီနှစ်မှာလည်း ကျွန်တော်တို့က ကျွမ်းကျင်သူ (Third Party) တင်ဒါခေါ်ဖို့ ဆောင်ရွက်နေလျက်ရှိပါတယ်။ မကြာခင်အချိန်မှာ ကျွန်တော်တို့က သူတို့ ငှားရမ်းပြီးတော့ သူတို့စစ်ဆေးဖော်ထုတ်တဲ့အခါမှာ မူတည်ပြီး အတက်နိုင်ဆုံးတော့ သူတို့ကစစ်ဆေး ဖော်ထုတ်ရရှိတဲ့အချက်အလက်တွေကို ကျွန်တော်တို့ ဝန်ကြီးဌာနကို ဆက်သွယ်ညွှန်ကြားရေးဦးစီးဌာနကို ပြန်ပြောပြီးတော့မှ သက်ဆိုင်ရာကုမ္ပဏီတွေကို ညွှန်ကြားပြီး ဆောင်ရွက်ပေးတဲ့အခါမှာ ဘယ်တော့အပြီး ဆောင်ရွက်မလဲဆိုတာကိုတော့ ခုနကပြောသလို ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပဲ ဖြစ်နေတဲ့နေရာတွေကို တော်တော်လေးကိုများတဲ့အတွက် ကျွန်တော်တို့အနေနဲ့ကခန့်မှန်းနိုင်မည့် အချိန်အနေနဲ့ကတော့ တိတိကျကျမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီဆက်သွယ်ရေးညွှန်ကြားရေး ဦးစီးဌာနနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပြန်လည်မေးမြန်းပြီးတော့ ကိုယ်စားလှယ်တော်ကြီးကိုပဲ တိုက်ရိုက်ပြန်ပြီးတော့ အသိပေးပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ထီးလင်းမြို့နယ်အတွင်းရှိ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနှင့် ကျောချောင်း-မျက်မြောင်သို့ ဆက်သွယ်ထားသောလမ်းပေါ်ရှိ စစ်ရှီးချောင်းကူးကွန်ကရစ်တံတား(၁၄ x ၈၀)ပေအား ကျေးရွာ လမ်းကူးတံတားအဖြစ်အသုံးပြုခွင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး

မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ လွှတ်တော်ကြီးကနေမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်း မှာရှိတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ မီးရထားလုပ်ငန်းမှ အသုံးပြုခြင်းမရှိ တော့ဘဲ အကျိုးမဲ့ဖြစ်နေတဲ့ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနဲ့ ကျောချောင်း-မျက်မြောင်ကျေးရွာကို ဆက်သွယ်ထားတဲ့လမ်းပေါ်မှာရှိတဲ့ စစ်နှီးချောင်းကူးကွန်ကရစ် တံတားကို ကျေးရွာချင်းဆက်လမ်း ချောင်းကူးတံတားအဖြစ် သုံးစွဲခွင့်ပြုနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာ ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ် အတွင်းမှာ ယခင် တပ်မတော်အစိုးရလက်ထက်က ဖောက်လုပ်ခဲ့တဲ့ ရထားလမ်းတစ်ခုရှိပါတယ် ခင်ဗျား။ အဲဒီရထား လမ်းပိုင်းဟာ ဖောက်လုပ်ပြီး ခဏသာသုံးစွဲပြီးတော့မှ ယခုအချိန်မှာတော့ သုံးစွဲခြင်းမရှိတာကို တွေ့ရ ပါတယ်။ တချို့လမ်းပိုင်းတွေမှာ ဇလီဖားတုံးတွေဆွေးနေတာတွေ၊ ရေတိုက်စားတာတွေ၊ အောက်ခြေ လွတ်တာတွေ သွားလာခြင်းမရှိတော့တဲ့အတွက် တောထပြီးတော့မှ အကျိုးမဲ့ဖြစ်နေတာကို တွေ့ရပါ တယ်။ ယင်းရထားလမ်းပိုင်းမှာ ကောင်းတာဆိုလို့ ကွန်ကရစ် ချောင်းကူးတံတားလေးတွေ ရှိနေသေး တာကို တွေ့ရပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ သုံးစွဲခြင်းမရှိတော့တဲ့ ဥမင်လှိုင်တွေပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ သုံးစွဲခြင်းမရှိလို့ တောထနေတာတွေပဲဖြစ်ပါတယ်။ ဒါကတော့ သုံးစွဲ ခြင်းမရှိတော့တဲ့ ဘူတာတွေပဲဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ အရင်တုန်းကသုံးစွဲခဲ့တဲ့ ရထားတွဲတွေပဲ ဖြစ်ပါတယ် ခင်ဗျ။ ဒါကတော့ အောက်ခြေလွတ်ပြီးတော့မှ အောက်ခြေဇလီဖားတွေ ခြစားနေတဲ့ ရထားသံလမ်းတွေပဲဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ ယခုလက်ရှိအခြေအနေမှာ သုံးစွဲလို့ကောင်းနေ သေးတဲ့ ကွန်ကရစ်တံတားပဲဖြစ်ပါတယ်။ အဲဒီတံတားကတော့ အကျယ် ၁၄ ပေရှိပြီးတော့မှ အလျား ပေ ၈၀ ရှိပါတယ်ခင်ဗျား။ ယခုအချိန်မှာဆိုလို့ရှိရင် ကျေးလက်ဒေသတွေမှာ ကျေးလက်လမ်းတွေကို ဖောက်လုပ်တာတွေရှိတယ်။ ကျေးလက်လမ်း၊ တံတားတွေ ပြုပြင်တာတွေရှိပါတယ်။ အဲဒီလို ပြုပြင်တဲ့ နေရာတွေမှာ ကျေးလက်လမ်း၊ တံတားနဲ့ အံကိုက်မှုရှိတဲ့ လမ်း၊ တံတားတွေကို ပြန်လည်ပြီးတော့မှ သုံးစွဲခွင့်ပြုမယ်ဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့လည်း ငွေကြေးကုန်ကျမှုသက်သာပြီးတော့မှ အကျိုးမဲ့ ဖြစ်နေတဲ့ လမ်း၊ တံတားတွေဟာ ပြန်လည်ပြီးတော့မှ အကျိုးရှိလာမှာဖြစ်ပါတယ်။ ယခုဆိုရင်

ပဆငလမ်းနဲ့ ကျောချောင်း-မျက်မြောင်ဆက်သွယ်တဲ့ ကျေးလက်လမ်း၊ တံတားဟာလည်း ယခုဆိုရင် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တကယ်လို့သာ ယခုတင်ပြတဲ့ ရထားလမ်း အသုံးမပြုတော့တဲ့ ကွန်ကရစ်လမ်းကို အသုံးပြုမယ်ဆိုလို့ရှိရင် ဒေသခံတွေအတွက် အများကြီး အကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ယခုဖောက်လုပ်နေဆဲ ကျောချောင်း-မျက်မြောင်လမ်းပေါ်မှာရှိတဲ့ သုံးစွဲခြင်းမရှိတော့တဲ့ ရထားလမ်းကွန်ကရစ်တံတားကို သုံးစွဲခွင့်ပြုနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး၏ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်းရှိ ဂန့်ဂေါ-ရေမျက်နီ-ပုလဲ ပဆငလမ်းနှင့် ကျောချောင်း-မျက်မြောင်သို့ ဆက်သွယ်ထားတဲ့လမ်းပေါ်ရှိ စစ်ရှီးချောင်းကူး ကွန်ကရစ်တံတား(၁၄ ပေ x ပေ ၈၀)ကို ကျေးရွာလမ်းကူးတံတားအဖြစ် အသုံးပြုခွင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ပခုက္ကူ-ကျော-ဂန့်ဂေါရထားလမ်းပိုင်း၊ ကျောနှင့် ရေမျက်နီကြားရှိ ချိုင်းရွာ၊ ကျောချောင်းရွာနှင့် မျက်မြောင်ရွာများရှိ ဒေသခံပြည်သူများဟာ ကျေးလက်ဖွံ့ဖြိုးရေး လမ်းအတိုင်း ဆိုင်ကယ်များ၊ ထော်လာဂျီများဖြင့် ပခုက္ကူ-ဂန့်ဂေါ-ကလေးကားလမ်းပေါ်သို့ သွားရောက်ကြကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အဲဒီလို ဖြတ်သန်းသွားလာတဲ့နေရာမှာ မျက်မြောင်ဘူတာနှင့် ရေမျက်နီဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ်(၆၀၈)၊ ကြေးနန်းခန်းအမှတ် ၅ နှင့် ၆ ရှိ ၈၅ ပေရှည်သော မီးရထားတံတားအမှတ် ၆၂၀ ဟာ ကွန်ကရစ်တံတားဖြစ်ပြီး အဲဒီတံတားနှင့်အပြိုင် ကျေးလက်ဖွံ့ဖြိုးရေးလမ်းနေရာမှာ လမ်းဦးစီးဌာနက ဘဏ္ဍာငွေအခြေအနေအရ တံတားအသစ်တည်ဆောက်နိုင်ခြင်းမရှိသေးတာကြောင့် အဆိုပါ

ချောင်းကူးနေရာမှာ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားငယ်များကို မီးရထားတံတားပေါ်မှ ဖြတ်သန်း အသုံးပြုစေခြင်းဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် မီးရထားတံတားချဉ်းကပ်လမ်းအပါအဝင် တံတား အဝင်/အထွက် တစ်ဖက်တစ်ချက် ပေ ၁၀၀၀ ခန့်စီကို လမ်းဦးစီးဌာနအနေဖြင့် မြန်မာ့ မီးရထားနှင့်ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျော-ရေမျက်နီရထားလမ်းပိုင်း ၂၇ မိုင်မှာ ၅-၇-၂၀၁၀ ရက်နေ့ကစပြီးတော့ ပိတ်ထားခဲ့တဲ့ လမ်းပိုင်းဖြစ်တဲ့အပြင် လက်ရှိအခြေအနေအရလည်း လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားပြေးဆွဲရန် အစီအစဉ်မရှိသေးတာကြောင့် လမ်းဦးစီးဌာနက ဖောက်လုပ်ထားတဲ့ ဂန့်ဂေါ- ရေမျက်နီ-ပုလဲကားလမ်းနှင့် မျက်မြောင်ဘူတာနှင့် ရေမျက်နီဘူတာသို့ ဆက်သွယ်ထားတဲ့ ရထား လမ်းပေါ်ရှိ စစ်ရှီးချောင်းကူးမီးရထားကွန်ကရစ်တံတားကို ကျေးရွာကားလမ်းကူးတံတားအဖြစ် အသုံး ပြုခွင့်ပေးနိုင်ပါကြောင်း၊ သို့ရာတွင် နောင်တစ်ချိန်ချိန်မှာတော့ အဆိုပါလမ်းပိုင်းမှာ ရထားပြန်လည် ပြေးဆွဲမည်ဆိုရင်တော့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သီးခြားတံတားတည်ဆောက် ပေးရန် လိုအပ်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်လေ့ရှိသော ရေထိန်းတံခါးနှစ်ခု၊ ရွာလုံးကျွတ် ပြောင်းရွှေ့နေရသောကျေးရွာများအတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် Speed Boat တစ်စီး၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက် ဝန်တင်လှေ နှစ်စီးခွင့်ပြုပေးရန်နှင့် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေး အစီအမံနှင့် မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများအား ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဟိန်း(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီမြို့ကိုဖြတ်သန်းစီးဆင်းသွားတဲ့ တနင်္သာရီမြစ်ဟာ ထားဝယ်

ခရိုင်၊ မြစ်သာမြို့အနီး ခမောင်းသွယ်ချောင်းနဲ့ ဘန်းချောင်းတို့မှ စတင်မြစ်ဖျားခံခဲ့ပါတယ်။ တနင်္သာရီမြို့ဟာ တနင်္သာရီမြစ်နှင့် ငဝန်မြစ်တို့ပေါင်းဆုံရာမှာ တည်ရှိပါတယ်။ မိုးတွင်းကာလရောက်တိုင်း တနင်္သာရီမြို့ဟာ နှစ်စဉ်နီးပါး ရေကြီးရေလျှံမှုဒဏ်ကိုခံစားရလေ့ရှိပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ်ပါတယ်။ ဒါကတော့ တနင်္သာရီမြို့ မြစ်ရေကြီးမှုမှတ်တမ်းပုံစံဖြစ်ပါတယ်။ ဒါကတော့ တနင်္သာရီမြို့ထဲမှာရှိတဲ့ အ.ထ.ကကျောင်းရဲ့ပုံဖြစ်ပါတယ်။ ဒါက မြို့ထဲမှာရေကြီးနေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တနင်္သာရီမြို့နယ်ရဲ့ နှစ်အလိုက်မြစ်ရေကြီးမှုမှတ်တမ်းများဖြစ်ပါတယ်။ ဒါကတော့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မြစ်ရေကြီးမှုကာလမှာ ရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့တံတားရဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တနင်္သာရီမြစ်ကြောင်းတစ်လျှောက်မှာ သဲသောင်များထွန်းနေတဲ့ပုံဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီမြို့နယ်ရဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ရဲ့မှတ်တမ်းများအရ တနင်္သာရီမြို့နယ်မှာ ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအထိ တနင်္သာရီမြစ်ရေမြင့်တက်လာခဲ့ရာ စိုးရိမ်ရေအမှတ် ၁၇ ပေအထက်တွင် ရပ်ကွက် နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာ ၇၇ ရွာရှိ လူနေအိမ် ၁၃၂၂ လုံးနဲ့ လူဦးရေ ၆၇၆၂ ဦး ရေဘေးသင့်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း ၁၁ ခုဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများနဲ့ စားနပ်ရိက္ခာများထောက်ပံ့ပေးခဲ့ရပါတယ်။ ရေကြီးနစ်မြုပ်ခဲ့တဲ့ တစ်လတာကာလအတွင်း လူလေးဦးသေဆုံးခဲ့ကာ စာသင်ကျောင်း ၆၈ ကျောင်းပိတ်ခဲ့ရပြီး ကျောင်းသူကျောင်းသား ၁၆၇၂၉ ဦးမှာ ပညာရေးနှောင့်နှေးခဲ့ရခြင်း၊ လူနေအိမ် ၁၆ လုံးပြိုကျခဲ့ခြင်း၊ အခြေခံပညာကျောင်း ၁၂ ကျောင်းရဲ့ အဆောက်အဦနဲ့ပရိဘောဂများ၊ လမ်း ၁၄ ခု၊ တံတား ၁၅ စင်းနဲ့ တောင်သူ ၄၈၆ ဦးရဲ့လယ်ဧက ၂၀၇၃ ဧကနဲ့ အခြားခြံစိုက်တောင်သူများရဲ့ဥယျာဉ်ခြံမြေ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ တင်ပြပါစာရင်းများအား လက်လှမ်းမှီသလောက်ကောက်ယူထားခဲ့တာဖြစ်ပြီး တကယ့်မြေပြင်အခြေအနေမှာ ပိုမိုများပြားနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရမှ ကူညီကယ်ဆယ်ထောက်ပံ့ရေး ထောက်ပံ့ခဲ့ရတဲ့အပြင် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေနဲ့ဆောင်ရွက်ခဲ့ရတဲ့တည်ဆောက်ရေးလုပ်ငန်းများ ပျက်စီးခဲ့ရတဲ့အတွက် နိုင်ငံတော်အတွက်လည်း နစ်နာဆုံးရှုံးမှုများစွာဖြစ်စေခဲ့ပါတယ်။ ကျွန်တော်တို့တနင်္သာရီမြို့ဟာ မြို့ကိုစတင်ကတည်းက မြစ်ရေတိုက်စားမှုများရှိခဲ့သဖြင့် အုတ်မြို့ရိုး၊ မြေမြို့ရိုးများဖြင့် မြို့ရဲ့

ပတ်လည်ကို တံတိုင်းသဖွယ်ကာရန်ထားရှိခဲ့ပါတယ်။ ရေသွင်းရေထုတ်ရန်အတွက် ရေထိန်းတံတား တစ်ခုတပ်ဆင်ထားပြီး ရေထိန်းတံခါးမှာ ရေရဲ့ဖိအားနဲ့အဖွင့်အပိတ်ပြုလုပ်သောဒီဇိုင်းကို ပြုလုပ်ထား ပါတယ်။ လက်ရှိဒီဇိုင်းအရ မြစ်ရေကြီးတဲ့အချိန်မှာ အဆင်မပြေမှုများရှိခဲ့ပြီး ရေထိန်းတံခါးကို လိုအပ် သလို ပြန်လည်ပြုပြင်ပေးရန်နဲ့ စက်မှုဇုန်အနီးမှာလည်း ရေထိန်းတံခါးတစ်ခု အသစ်တည်ဆောက် ပေးရန် လိုအပ်နေပါတယ်။ ကျောက်တစ်လုံးကျေးရွာအုပ်စုမှာရှိတဲ့ မြန်မာအင်းတော်ကျေးရွာနဲ့ မြေမအုံကျေးရွာတို့အား ရွာလုံးကျွတ်နီးပါးရေနစ်မြုပ်ခဲ့ပြီး ကျေးရွာနေပြည်သူများ မြစ်ရေကြီးစဉ် ကာလတစ်လျှောက် ခက်ခဲပင်ပန်းစွာနေထိုင်ခဲ့ကြရပါတယ်။ အဲဒီကျေးရွာများအတွက် ရေလွတ်ရာ ဒေသတွေမှာ Cyclone Shelter များ တည်ဆောက်ပေးရန်လိုအပ်လျက်ရှိပါတယ်။ ကူညီကယ်ဆယ် ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကြုံတွေ့ရတဲ့အခက်အခဲမှာ အရေးပေါ်အသုံးပြုရန် လှေမရှိခြင်း၊ စားနပ်ရိက္ခာများပို့ဆောင်ပေးရန် ဝန်တင်လှေမရှိခြင်းတို့ဖြစ်ပါတယ်။ နတ်သစ်မြစ်ဝမှ တနင်္သာရီ မြစ်ကြောင်းတစ်လျှောက် တန်ကူး-တာလမွေချောင်းဖျားပိုင်းလောက်အထိ သဲသောင်များ ပိတ်ဆို့လာနေပြီး နိုင်ငံတော်အနေနဲ့ မြစ်ကြောင်းရှင်းလင်းရေးအစီအမံများ အကောင်အထည်ပေး ရမည်ဆိုပါက နိုင်ငံတော်ရဲ့ဘတ်ဂျက် အမြောက်အမြားသုံးစွဲရမည်ဖြစ်ပြီး မြစ်ကြောင်းရှင်းလင်းရေး ဆောင်ရွက်လိုသောကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးနိုင်ပါက နိုင်ငံတော်ရဲ့ဘတ်ဂျက်ကုန်ကျမှုမရှိသည့် အပြင် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေးကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွား နိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါးရေကြီးနစ်မြုပ်လေ့ရှိသော တနင်္သာရီ မြို့အတွက် အသစ်တည်ဆောက်ရန်လိုအပ်နေတဲ့ရေထိန်းတံခါးနှစ်ခု၊ ရွာလုံးကျွတ်ပြောင်းရွှေ့ရသော ကျေးရွာများအတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် Speed Boat တစ်စီး၊ စားနပ်ရိက္ခာများပို့ဆောင်ရန်အတွက် လိုအပ်သော ဝန်တင်လှေတစ်စီး ခွင့်ပြု ရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကုန်ကျမှုမရှိစေရန်အတွက် တနင်္သာရီမြစ်ကြောင်း ရှင်းလင်းရေးအစီအမံနဲ့ မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ ဆိုတဲ့မေးခွန်းကို တနင်္သာရီမြို့နယ်ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၏ ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါးရေကြီးနစ်မြုပ်လေ့ရှိတဲ့ တနင်္သာရီမြို့မှာ အသစ်တည်ဆောက်ရန်လိုအပ်နေတဲ့ ရေထိန်းတံခါးနှစ်ခု၊ ရွာလုံးကျွတ်ပြောင်းရွှေ့နေရသော ကျေးရွာများအတွက် Cyclone Shelter များ၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် Speed Boat တစ်စီး၊ စားနပ်ရိက္ခာများ ပို့ဆောင်ရေးအတွက်လိုအပ်သော ဝန်တင်လှေနှစ်စီး ခွင့်ပြုပေးရန်ရှိ/မရှိနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေကုန်ကျမှုမရှိစေရန်အတွက် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေး အစီအမံနှင့် မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများအား ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိသည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နှင့် မရှိပါက အဘယ့်ကြောင့်ဆိုတာကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်များအပေါ် အခြားဝန်ကြီးဌာနနှစ်ခုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ဖြေကြားခြင်းဖြစ်၍ ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် အချိန်ကိုခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ ပထမမေးမြန်းချက်နဲ့ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနဲ့ ရေအသုံးချရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့ရှိ မြို့ပတ်တာမှာ ရေတံခါးနှစ်ခုထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါရေတံခါးများတွင် တာအပြင်ဘက်၌ Flap Gate အမျိုးအစား ရေတံခါးရွက်များကို ထည့်သွင်းတည်ဆောက်ထားပြီး ယခုအခါ ရေတံခါးရွက်များ၏ ရာဘာလိုင်နင်များ ပျက်စီးနေသောကြောင့်လည်းကောင်း၊ တာအတွင်းနှင့်အပြင် ရေမျက်နှာပြင်ကွာခြားချက်နဲ့ ရေစီးရေလာအခြေအနေများအရလည်းကောင်း ရေတံခါးရွက်များမှာ ရေမလုံသည့်အတွက် ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပါတယ်။ တာအတွင်းသို့ မြစ်ရေဝင်ရောက်မှုမရှိစေရန်အတွက် ရေတံခါးများ၏ Flap Gate များတွင် ရာဘာလိုင်နာများ အသစ်လဲလှယ်ခြင်းအပြင် တာအတွင်းဘက်၌ Slide Gate

ရေတံခါးရှက်များ ထပ်မံဖြည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ဖြေကြားထား ပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီမြို့ပတ်တာမှာ ရေတံခါးနှစ်ခုမှာ ရေတံခါးရှက်များ ပြုပြင်ထည့်သွင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ် မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးမြန်းချက်နဲ့ ပတ်သက်၍ ကမ်းရိုးတန်းဒေသဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးဖြစ်ပွားပါက အရေးပေါ်ခိုလှုံနိုင်ရန်အတွက် Cyclone Shelter များကို ၄-၁၁-၂၀၁၇ ရက်နေ့တွင် သရက်ချောင်း မြို့နယ်၊ ကနက်သီရိကျေးရွာတွင်တစ်လုံး၊ ၂၀-၁၂-၂၀၁၇ ရက်နေ့မှာ ကော့သောင်းမြို့နယ်၊ ပုလော တုံးတုံး ကျေးရွာမှာတစ်လုံး၊ ၁၀-၃-၂၀၁၇ ရက်နေ့မှာ လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ကျေးရွာမှာ တစ်လုံး စုစုပေါင်း Cyclone Shelter သုံးလုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုရန်ပုံငွေမှ ဆောက်လုပ်ပေးခဲ့ပါတယ်။ ထို့အပြင် ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်သတ်မှတ်တဲ့မြေနေရာမှာ Cyclone Shelter တစ်လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး Cyclone Shelter တည်ဆောက်ခြင်းလုပ်ငန်းများဟာ ငွေပမာဏများပြားတဲ့အတွက် ဘတ်ဂျက်ရန်ပုံငွေမှ တင်ပြနိုင်ခြင်းမရှိသဖြင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

ရွာလုံးကျွတ်ပြောင်းရွှေ့နေရတဲ့ ကျေးရွာများရှိ ပြည်သူများအတွက် တည်ဆောက်ပေးခဲ့ပြီး ဖြစ်တဲ့ Cyclone Shelter များသို့ သွားရောက်နိုင်ခြင်းမရှိပါက ထပ်မံတည်ဆောက်လိုတဲ့ ကျေးရွာ အမည်နဲ့မြေနေရာလျာထားချက်တို့ သိရှိမှသာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆက်စပ်ဝန်ကြီး

ဌာနတို့ရဲ့ မှတ်ချက်များတောင်းခံပြီး လိုအပ်မှုကိုစိစစ်၍ ဦးစားပေးအစီအစဉ်အလိုက်သတ်မှတ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုခံယူဆောင်ရွက်ရမည် ဖြစ်ကြောင်းကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ တတိယမေးမြန်းချက်နှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးမှာ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်လျက်ရှိတဲ့ Speed Boat တစ်စီး၊ စားနပ်ရိက္ခာများပို့ဆောင်ရေးအတွက် လိုအပ်တဲ့ဝန်တင်လှေ နှစ်စီး ထောက်ပံ့ပေးနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်လျာထားချက်တွင်ပါဝင်ခြင်းမရှိသလို World Bank ရဲ့ Immediate Response Mechanism (IRM)အစီအစဉ်ဖြင့် ဝယ်ယူထားတဲ့ Speed Boat များမှာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပြီးဖြစ်သည့်အတွက် လက်ကျန်ကျန်ရှိခြင်းမရှိသော်လည်း တနင်္သာရီတိုင်း ဒေသကြီးအတွင်း သဘာဝဘေးကျရောက်တဲ့အခါ ကျရောက်လာပါက အရေးပေါ်အသုံးပြုရန် (၅၂ ပေ x ၈.၅ x ၄ ပေ)အရွယ်အစားရှိ Hino K-13D အမျိုးအစား သံခွံစက်လှေနှစ်စီးဝယ်ယူရန် အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ စုစုပေါင်းငွေကျပ်သန်း ၆၀ ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၉-၅-၂၀၁၉ ရက်နေ့မှာ လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နီးပါးရေကြီး နစ်မြုပ်လေ့ရှိတဲ့ တနင်္သာရီမြို့အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ က တနင်္သာရီမြို့ ကျောက်တလုံးကျေးရွာအုပ်စု၊ မြေမအုံကျေးရွာတွင် Cyclone Shelter တစ်လုံး၊ တမုတ်ချုံးကျေးရွာအုပ်စု၊ ကျောက်မီးကျောင်းကျေးရွာမှာ Cyclone Shelter တစ်လုံး ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း သဘာဝဘေးအန္တရာယ်များ အရေး ပေါ်ဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန်အတွက် လူ ၂၀ ဆံ့ Speed Boat နှစ်စီးနဲ့ လူ ၅၀ ဦးဆံ့ စက်လှေ(သံခွံ)နှစ်စီး ခွင့်ပြုပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခဲ့ပြီး လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသုံးပြုမည့်စက်လှေများရဲ့ အရွယ်အစား၊ အမြန်နှုန်း၊ အင်ဂျင်အမျိုးအစား၊ ဒေသတွင်ဝယ်ယူနိုင်မှုရှိ/မရှိ စတဲ့အချက်အလက်

များကို သက်ဆိုင်ရာမြို့နယ်မှ ထပ်မံတောင်းခံခဲ့ပြီး ခွင့်ပြုချထားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များကျရောက်ပါက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့အရင်းအမြစ်များ မဆုံးရှုံးစေရေးအတွက် အရေးပေါ်ခိုလှုံနိုင်ရန် Cyclone Shelter ငါးလုံးကို ထောက်ပံ့ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီးဖြစ်သည့်အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့စတုတ္ထမေးမြန်းချက်နဲ့ပတ်သက်၍ တနင်္သာရီမြစ်အတွင်း လိုအပ်တဲ့နေရာများမှာ သဲသောင်တူးဖော်ခြင်းဆောင်ရွက်မည်ဆိုပါက ရေလမ်းကြောင်းကို တစ်ဆက်တည်းစီးဆင်းနိုင်စေပြီး ကမ်းပြိုခြင်းနှင့် ရေကြီးရေလျှံမှုများကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မှာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်ပကို သဲတင်ပို့ခြင်းနဲ့စပ်လျဉ်းပြီး သဲထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ယခင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)၏တင်ပြမှုအပေါ် ၂၈-၈-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၄)က ပုဂ္ဂလိကနှင့် ဖက်စပ်စီးပွားရေးလုပ်ငန်းများအနေနဲ့ ပင်လယ်နှင့်မြစ်ချောင်းများအတွင်း စီးပွားဖြစ် သဲတူးဖော်တင်ပို့မှုအား ခွင့်မပြုရန်နှင့် ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းရေလမ်းကြောင်းများကောင်းမွန်စေရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်ရန်အတွက် ပုဂ္ဂလိကဖက်စပ် စီးပွားရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ပြီး အဆိုပါအဖွဲ့အစည်းများမှ သောင်တူးဖော်မှုမှရရှိသည့်သဲများကို ပြည်ပသို့တင်ပို့ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကိုခွင့်ပြုရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

ထို့ကြောင့် ယခင်ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လမ်းညွှန်ချက်နှင့်အညီ ပြည်ပသို့ သဲတင်ပို့ရန်ကိစ္စကို စီးပွားဖြစ်ဆောင်ရွက်ခြင်း မဟုတ်သည့်ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောကြီးများ ဝင်/ထွက်ရာရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးအတွက် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းကို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ

ခြိုးခြံချွေတာနိုင်ရေးနဲ့ တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်ဝင်ငွေပိုမိုရရှိစေရေးတို့အတွက် ပုဂ္ဂလိက အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းတွင်ပိတ်ဆို့နေတဲ့ သောင်စွယ်များ၊ ရေတိမ်ကွက်များကို တူးဖော်ရှင်းလင်းပြီး မူလရေစူးအနက် ပြန်လည်ရရှိစေရေးနှင့် ရေကြီးရေလျှံမှု လျော့ပါးစေရေးတို့အတွက် ဆောင်ရွက်သည့်လုပ်ငန်းများသည်လည်း သဲထွက်ရှိရာနေရာများတွင်သာ ရွေးချယ်၍ တူးဖော်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်အရ သောင်တူးဖော်မှုမှရရှိတဲ့သဲများကို ပြည်ပသို့တင်ပို့ရန် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ခွင့်ပြုဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေကျခံသုံးစွဲမှုများ သက်သာစေမည့်အပြင် တစ်ဖက်တစ်လမ်းမှဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် သောင်တူးဖော်ရှင်းလင်းသည့်လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါက သောင်တူးဖော်ဆောင်ရွက်သင့်သည့်နေရာ၊ တူးဖော်မည့်ဧရိယာ၊ တူးသင့်သည့်ပမာဏတို့ကို ဦးစားပေးအစီအစဉ်အလိုက် တိုင်းတာသတ်မှတ်ပေးသွားရမည်ဖြစ်ပါတယ်။ လက်ရှိမှာ တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းကိုဆောင်ရွက်လိုတဲ့ ကောင်းကင်ထိုက်ကုမ္ပဏီလီမိတက်က ၂၉-၃-၂၀၁၉ ရက်နေ့မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့်တွေ့ဆုံ၍ မြစ်ကြောင်း ရှင်းလင်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ ပထမဦးစားပေးအနေဖြင့် တနင်္သာရီမြစ်ဝမှ တနင်္သာရီတံတားအထိ တိုင်းတာရေးဆောင်ရွက်ရန် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ကောင်းကင်ထိုက် ကုမ္ပဏီလီမိတက်က တိုင်းတာရေးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း EIA လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ရန် အချိန်ကာလ ရက် ၂၀ ခန့်ကြာမြင့်မည်ဖြစ်ပြီး မိုးမကျမီ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

တနင်္သာရီမြစ်ရေကြီးရေလျှံမှုမှ လျော့ပါးစေရေးအတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ကုန်ကျမှု မရှိစေရန် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများကိုခွင့်ပြုပေးရန်ကိစ္စမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး

သို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ပြည်ပသို့သဲတင်ပို့ရောင်းချနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်လိုင်စင်ခွင့်ပြုပေးရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် လိုင်စင်လျှောက်ထားသည့်လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ မြစ်ကြောင်းမှထွက်ရှိလာတဲ့စွန့်ပစ်ပစ္စည်း(သဲ/နုန်း)များကို စွန့်ပစ်ရာတွင် ရေတက်/ရေကျပေါ်မူတည်၍ ရေစီးကြောင်းအတွင်းသို့ကျရောက်ပြီး အနည်ထိုင်လာစေနိုင်သဖြင့် ပြည်ပသို့တင်ပို့စေခြင်းဖြင့် ရေလမ်းကြောင်းရေရှည်တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုစေပြီး ရေကြီးရေလျှံမှုကို လျော့ပါးစေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကုန်ကျမှုမရှိစေရန်အတွက် တနင်္သာရီမြစ်ကြောင်းရှင်းလင်းရေးအစီအမံများကို တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ပြီးမှသာ ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်းနှင့် မြစ်ကြောင်းရှင်းလင်းရေးကို ပုဂ္ဂလိကကုမ္ပဏီများကို ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့သဘောထားများရယူပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၅။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပညာရေးဝန်ကြီးဌာနကတင်သွင်းသည့် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအားဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနကတင်သွင်းသော အခြေခံပညာရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့(၇-၃-၂၀၁၉ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၃-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာကိုယ်စားလှယ်ရှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အခြေခံပညာရေးဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၆၇)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က လေးစားစွာတင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့တဲ့ အခြေခံပညာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ဖြစ်တဲ့ ၇-၃-၂၀၁၉ ရက် (ကြာသပတေးနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၁-၃-၂၀၁၉ ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)၊ ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)၊ ဦးဝင်းဝင်း(မင်းဘူး မဲဆန္ဒနယ်)၊ ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)၊ ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)၊ ဦးရွှေကို (ကျောက်ပန်းတောင်းမဲဆန္ဒနယ်)၊ ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူးမိုးမြင့်အောင်(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆို တင်သွင်းသူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂-၅-၂၀၁၉ ရက်နေ့(ကြာသပတေးနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၆၇)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၆၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီမှတင်ပြတဲ့အတိုင်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၆၇)အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်(၆၇)ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသော အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပညာရေးဝန်ကြီးဌာနကတင်သွင်းသော အခြေခံပညာရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က အခြေခံပညာမူလတန်းသင် ဆရာဆရာမဝန်ထမ်း ရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊သူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးညာဏ်ဟိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း ဖြစ်ပါတယ်။ ယခုကျွန်တော်တင်သွင်းမည့်အဆိုကတော့ အခြေခံမူလတန်းသင်ဆရာဆရာမဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသားတိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် သက်ဆိုင်ရာသို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါကြောင်း ဟူ၍ဖြစ်ပါတယ်။ တင်သွင်းရခြင်းအကြောင်းအရင်းကို ကျွန်တော်လေးစားစွာတင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်အစည်းအဝေးမှာ ပြည်ထောင်စုပညာရေးမူဝါဒကော်မရှင်မှ အစီရင်ခံစာတစ်ရပ် တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာမှာ ရန်ကုန်နှင့်မန္တလေးရှိ အခြေခံပညာကျောင်းများကို အခြေပြုလေ့လာဆန်းစစ်ခဲ့ကြောင်းနှင့် ရင်ဆိုင်နေရသောအခက်အခဲများ၊ ၎င်းအခက်အခဲကို ဖြေရှင်းမည့်နည်းလမ်းများ၊ ဖော်ပြခဲ့တာကို ပြည့်စုံစွာ ဖတ်ရှုရပါတယ်။ သို့သော် နယ်ရှိ အခြေခံပညာကျောင်းများကို ဆန်းစစ်မှုမလုပ်နိုင်ခဲ့တာဖြစ်၍

ရန်ကုန်၊ မန္တလေးအစရှိသည့်မြို့ပြများနှင့်မတူညီသော စိန်ခေါ်မှုအချို့ ကျန်ရှိနေခဲ့ကြောင်းတွေ့ရှိရပါတယ်။ ယခုကျွန်တော်တင်သွင်းသောအဆိုသည် ထိုစိန်ခေါ်မှုများမှ အရေးပါသောအချက်များကို ဖြေရှင်းပေးရန် အထောက်အပံ့ဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ထိုစိန်ခေါ်မှုများကို ဖော်ပြရပါလျှင် ပထမအချက် ဘာသာစကားအခက်အခဲဖြစ်ပါတယ်။ တိုင်းရင်းသားကျေးလက်ကလေးများအဖို့ စာသင်ယူကြရာတွင် ဘာသာစကားနားမလည်မှုက စာသင်ခန်းကို ကြောက်ရွံ့စေနိုင်သည့်အထိဖြစ်နိုင်ပါတယ်။ သူတို့က မှတ်ဉာဏ်တစ်မျိုးတည်းကို အသုံးချသင်ယူရတာမို့လို့ သင်ကြားပေးသူဆရာဆရာမက စိတ်ဝင်စားဖွယ် ရုပ်ပုံကားချပ်များကို ထောက်ပြပြီး ရွတ်ပြသလို ကြက်တူရွေးနှုတ်တိုက်သင်ယူကြရတာဖြစ်ပါတယ်။ က ကြီးအက္ခရာကို ထောက်ပြက က ကလေးငယ် ချစ်စဖွယ်လို့ ရွတ်ပြနိုင်ကြသော်လည်းပဲ အဓိပ္ပာယ်ကိုတော့ မသိကြရှာပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုဘာသာစကားအခက်အခဲကြောင့်လည်း မြို့ပြကလေးများ ကိုးနှစ်၊ ၁၀ နှစ်အရွယ်မှာ အခြေခံပညာမူလတန်းပြီးမြောက်နိုင်ငြား တိုင်းရင်းသားကျေးလက်ကလေးငယ်များမှာတော့ ၁၃ နှစ်၊ ၁၄ နှစ်အရွယ်ရောက်မှသာလျှင် အခြေခံမူလတန်းအောင်မြင်ကြရတာဖြစ်ပါတယ်။ ဘယ်လိုဖြစ်ဖြစ်အောင်ပေးတဲ့စနစ်အရဆိုရင်လည်းပဲ အခြေခံမူလတန်းကို အရည်အချင်းမမီဘဲ ပြီးဆုံးမှုရခြင်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်စိန်ခေါ်မှုတစ်ခုက တိုင်းရင်းသားကျေးလက်ခေါင်ခေါင်မှာ တာဝန်ကျတဲ့ဆရာဆရာမလေးများသည် တာဝန်ထမ်းမှု နှစ်နှစ်ပြည့်တာနဲ့ ပြောင်းရွှေ့ခွင့်တင်ကြတာ များပါတယ်။ မြို့ပြမှာ ကြီးပြင်းကြရသူများပီပီ လူနေမှုအဆင့်အတန်းနိမ့်ပါးတဲ့ တိုင်းရင်းသားကျေးလက်ကျေးရွာများမှာ ကြာရှည်မနေလိုကြပါဘူး။ ဒီလုပ်ရပ်ဟာလည်းပဲ သူတို့ရဲ့ဝန်ထမ်းအခွင့်အရေးဖြစ်တာမို့ ပိတ်ပင်ဖို့လည်း လုံးဝမသင့်ပါဘူး။ ခွင့်ပြုဆောင်ရွက်ပေးကြရမှာလည်း ဖြစ်ပါတယ်။ သို့သော်လည်း ထိုလစ်လပ်နေရာကိုတော့ ကျွန်တော်တို့အချိန်မီမဖြည့်ဆည်းပေးနိုင်ပါဘူး။ မိဘများက စေတနာလုပ်အားပေးဆရာများငှားရမ်းပြီး သင်ကြားနေကြရတာတွေ ရှိပါတယ်။ ဒီလို အချိန်ဖြုန်းတီးမိ့လည်း တိုင်းရင်းသားရွာရှိ ကလေးများဟာ သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားခံရခြင်း မရှိကြပါဘူး။ နဂိုကမှ ဘာသာစကားအခက်အခဲရှိတဲ့ကြားက ယခုလို စာသင်ချိန်ကာလမှာ ထိခိုက်ရပြန်၍ မြို့နှင့် ကျေးလက်ပညာရေးကဏ္ဍတစ်ပြေးညီဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ကျေးလက်ကို မြှင့်တင်ပေးရမည့်အစား မြို့ပြကို လျှော့ချရမလိုဖြစ်နေပါတယ်။ ဒီစိန်ခေါ်မှုအခက်အခဲနှစ်မျိုးသည် တိုင်းရင်းသားဒေသကျေးရွာများမှာရှိနေပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ အခြေအနေများမှနေပြီး ယခုအခါတွင် ပြည်ထောင်စုအစိုးရ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူချောမွေ့လာရေးနှင့်အမျှ တိုင်းရင်းသားဒေသကျေးလက်များမှာ ဒေသခံဘွဲ့ရများ ပေါ်ထွက်လာစပြုတာကို တွေ့ရှိရပါတယ်။ မြို့ပြကလေးများ ပညာရည်မြင့်ပြီး ပါရဂူ၊ ဒေါက်တာဘွဲ့ရဖို့ထက်ကို ထိုကျေးလက်တိုင်းရင်းသား ကလေးတစ်ဦး သာမန်ဘွဲ့ရဖို့က ပိုမိုခက်ခဲလွန်းလှပါတယ်။ ပြီးတော့ တိုင်းရင်းသားကျေးလက်ဘွဲ့ရ ကလေးများဟာ သူတို့ဘဝမှာ ဦးဆုံးတွေ့ကြုံရတဲ့ ဆရာဆရာမများကို အထင်ကြီးအားကျအတုယူမှုက နေပြီးတော့ အများစုသည် ပညာသင်ကြားပေးတဲ့ ဆရာဆရာမအလုပ်ကို ဝါသနာပါနေကြတာ တွေ့ရှိ ရပါတယ်။ သူတို့က ကိုယ်ချင်းစာစိတ်နဲ့ သူ့ရွာအကျိုးဖြစ်တာကြောင့် ဝါသနာ၊ စေတနာ၊ အနစ်နာ ဆိုတဲ့ စံသုံးရပ်နဲ့လည်း ပြည့်စုံနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားကျေးရွာအလိုက် ပေါ်ထွက်နေပြီဖြစ်သည့် ဘွဲ့ရတိုင်းရင်းသားလူငယ်များကို လိုအပ်ချက်အလိုက် သူ့ရွာမှာ တာဝန် ခန့်အပ်နိုင်ပါက (၁) ဘာသာစကားအခက်အခဲဖြေရှင်းပြီး ဖြစ်ခြင်း၊ (၂) ပြောင်းရွှေ့ခွင့်တင်၍ လစ်လပ်မှုမျိုး ပေါ်တော့မှာ မဟုတ်ခြင်း၊ (၃) စားဝတ်နေရေးအရ မိမိအိမ်မှာနေရ၍ ဝန်ထမ်းအိမ်ရာ များ ဖော်ဆောင်ပေးရန် ရန်ပုံငွေအခက်အခဲပြေလည်နိုင်ခြင်း၊ (၄) လစာနှင့်အညီ အတတ်နိုင်ဆုံး အဆင်ပြေအောင် အသက်မွေးဝမ်းကျောင်းနိုင်ကြခြင်း၊ (၅) အစိုးရအနေဖြင့် ဒေသခလေ့စရိုက်၊ ယဉ်ကျေးမှုနှင့်အံ့ဝင်ဂွင်ကျပြီးသား ဝန်ထမ်းများကို ရရှိမည်ဖြစ်၍ ပညာပေးလုပ်ငန်းများတွင် လည်းကောင်း၊ အုပ်ချုပ်ရေးကိစ္စများတွင်လည်းကောင်း၊ အစိုးရအတွက် အထောက်အပံ့ပြုနိုင်မည့် အပြင် ဦးဆောင်သော ရွာမိရွာဖကောင်းများ ရရှိခြင်းအစရှိသော ကောင်းကျိုးများကို ဖော်ဆောင် နိုင်ခြင်းစသောအကျိုးကျေးဇူးများကို ရရှိစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ တိုင်းရင်းသားဘွဲ့ရကလေးများဟာ မြန်မာစာမှာတော့ သတ်ပုံ သတ်ညွှန်းနှင့် ဝေါဟာရခြယ်မှုန်းနိုင်မှုမှာ မြို့ပြဘွဲ့ရကလေးများထက် အားနည်းမှုတော့ရှိပါတယ်။ ဒါကြောင့် ရေးဖြေအမှတ်မှာ သူတို့တွေက အမြဲတမ်းအားနည်းကြရပါတယ်။ ဒါကိုလည်းပဲ ကျောင်းပိတ်ရက်များတွင် သင်တန်းပေးပြီးတော့ ကုစားအရည်အသွေးမြှင့်တင်သွားနိုင်မှာ ဖြစ်ပါ တယ်။ ဒီလိုဆီလျော်သောအကြောင်းတရားများကြောင့် ကျွန်တော်တို့ပြည်ထောင်စုသားအားလုံး မျှော်မှန်းသည့် ခေတ်မီတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး ညင်သာသိမ်မွေ့စွာ အသွင်ကူးပြောင်းနေသောကာလတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကြီးမှ

သမိုင်းကောင်းကမ္ပည်းတင်မှတ်တိုင်စိုက်နိုင်ဖို့ရာ တိုင်းရင်းသားကျေးလက်ကလေးငယ်များ၏ အခြေခံ မူလတန်းပညာရေးအပေါ် အထူးစေတနာထား၍ တင်သွင်းအပ်ပါသော ကျွန်တော်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးခွင့်ရရေးနှင့် အတည်ပြုနိုင်ရေးတို့အတွက် လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများမှ တိုင်းရင်းသားညီအစ်ကိုတို့၏ကလေးငယ်များအပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာ တရားများနှင့်ယှဉ်သောဆန္ဒများဖြင့် ကူညီပေးကြပါရန် လေးစားစွာတင်ပြလျက် အဆိုတင်သွင်းခြင်း ကဏ္ဍကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျန်းမာချမ်းသာကြပါစေကြောင်း လည်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို ထောက်ခံရခြင်းရဲ့အဓိက ရည်ရွယ်ချက်ကတော့ နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ မြို့ပြနှင့် ကျေးလက်ပညာရေး တစ်ပြေးညီစေရန်၊ ဒုတိယအချက်ကတော့ ဆရာဆရာမများရဲ့အပြောင်းအရွှေ့အခက်အခဲများကို ကျော်လွှားပြီးသားဖြစ်စေရန်ဆိုတဲ့ စေတနာကောင်းများနှင့် ထောက်ခံရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်လို့ ပညာရေးရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ကျောင်းသားရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆရာရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြလို ပါတယ်။ ပညာရေးဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့်ဖြစ်စဉ်ကို ဆိုသည်။ ကျောင်းသား ဆိုသည်မှာက အခြေခံပညာရေးအဆင့်တွင် သတ်မှတ်ထားသောအသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များကို ပညာသင်ကြားသင်ယူမှု နည်းစနစ်များနှင့် အညီ လေ့လာဆည်းပူးသင်ယူသူအားလုံးကို ဆိုသည်။ နောက် ဆရာဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို

တင်ပြလိုပါတယ်။ ဆရာဆိုသည်မှာ အခြေခံပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများ၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချပေးခြင်း၊ တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူကို ဆိုသည်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာ တွေ့ရပါတယ်။ ဒီလိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းများအရ ဒေသတစ်ခုမှာ တာဝန်ကျတဲ့ ဆရာ သို့မဟုတ် ဆရာမတစ်ဦးဦးသည် အဲဒီဒေသမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတူညီဖို့ လိုပါတယ်။ နောက် ကျောင်းက ပေးထားတဲ့ Certificate တစ်ခုတည်းနဲ့မရပါဘူး။ ဘာသာစကားကျွမ်းကျင်ရင် ကျွမ်းကျင်သလောက်၊ ကိုယ်တတ်ထားတဲ့ အသိပညာ၊ အတတ်ပညာကို ကိုယ့်ကျောင်းသားတွေကို သင်ပေးရတဲ့အခါမှာ ပိုမိုပြီးတော့ လွယ်ကူချောမောမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသား သို့မဟုတ် တိုင်းရင်းသူဘွဲ့ရပညာတတ်များကို ဆရာအဖြစ်ခန့်ထားလိုက်ခြင်းအားဖြင့် ကျောင်းသားတွေရဲ့ပညာသင်ယူရေးမှာ ပိုမိုအဆင်ပြေမယ်လို့ ရှုမြင်သုံးသပ်မိပါတယ်။

နောက်ဒုတိယအချက်ဖြစ်တဲ့ ဆရာဆရာမများက နှစ်စဉ်အပြောင်းအရွှေ့လုပ်ငန်းကို ပြောင်းရွှေ့ရပါတယ်။ တချို့ဆရာတွေက ဒေသတစ်ခုမှာ အံ့ဝင်ဂွင်ကျဖြစ်နေတယ်။ ဘာသာစကားအားဖြင့် အံ့ဝင်ဂွင်ကျဖြစ်နေတယ်။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာ၊ ကိုးကွယ်ယုံကြည်မှုကစလို့ အံ့ဝင်ဂွင်ကျဖြစ်နေလို့ရှိရင် ကျောင်းသားကို ပညာသင်ပေးရာမှာ အင်မတန်ထိရောက်မှုရှိပါတယ်။ အံ့ဝင်ဂွင်ကျဖြစ်နေတဲ့ ဆရာဆရာမတစ်ယောက်ပြောင်းသွားတဲ့အခါမှာ အဲဒီကျောင်းသူ သို့မဟုတ် ကျောင်းသားတွေအားလုံးဟာ အံ့ဝင်ဂွင်ကျမဖြစ်သေးတဲ့ ဆရာဆရာမတစ်ယောက်နှင့် ပညာသင်ရတဲ့အခါ စသင်သင်ခြင်းအခက်အခဲတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအဆိုကို လက်ခံဆွေးနွေးမယ်၊ အတည်ပြုမယ်ဆိုလို့ရှိရင် ဒေသတစ်ခုမှာ ပြောင်းရွှေ့သွားရတဲ့ ဆရာဆရာမတွေကြောင့် ကျောင်းသားတွေမှာ ကြုံတွေ့ရတဲ့အခက်အခဲကိုလည်း ကျော်လွှားပြီးသားဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်။ အဲဒါကြောင့်မို့လို့ အဲဒီဒေသမှာရှိတဲ့ ဒေသခံဘွဲ့ရပညာတတ်ကို ဒီအလုပ်ကို ခန့်ထားပေးလိုက်ခြင်းအားဖြင့် ဒီအပြောင်းအရွှေ့အခက်အခဲကိုလည်း ကျော်လွှားပြီးသားဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းရဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးညာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသော အခြေခံပညာမူလတန်းသင် ဆရာဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊သူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်း ချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၆-၅-၂၀၁၉ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေးကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့(၂-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေးကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်သုံးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အုတ်တွင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းတဲ့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာအထောက်အပံ့များရရှိစေရေးကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်မှ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဒီအဆိုကို အကြံပြုဆွေးနွေးရခြင်းရဲ့အဓိကရည်ရွယ်ချက်ကတော့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဟာ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းစုစုပေါင်းရဲ့ ၉၉.၄ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်အခွင့်အလမ်းစုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းကျော်ကို ဖန်တီးပေးထားလို့ အစိုးရတစ်ရပ်အနေနဲ့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက်ခြင်းဟာ တိုင်းပြည်လူထုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက်ဆောင်ကြဉ်းတာဖြစ်လို့ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ ခုနှစ်မှာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၎င်းဥပဒေအရ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာအေဂျင်စီမှ ကျေးလက်ဒေသစီးပွားရေးနှင့်ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေးအပါအဝင် ဦးစားပေးဆောင်ရွက်သင့်တဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍများသတ်မှတ်ပြီး လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဂေဟစနစ်တစ်ခုတည်ဆောက်ဖို့ အချက်(၅)ချက်နဲ့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ပထမအချက်အနေနဲ့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးဖို့၊ လိုအပ်တဲ့ပံ့ပိုးကူညီခြင်းများကို တစ်စုတစ်စည်းတည်းပေးနိုင်ဖို့ သက်ဆိုင်ရာအေဂျင်စီမှ Master Plan ရေးဆွဲရန်ဖြစ်ပါတယ်။ ၎င်း Master Plan ကို အကောင်အထည်ဖော်ဖို့ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ရန်ပုံငွေစီမံခန့်ခွဲခြင်းကို စနစ်တကျဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ၎င်းအေဂျင်စီမှ စီးပွားရေးလုပ်ငန်းများရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့နဲ့ နည်းပညာပံ့ပိုးကူညီမှုကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ တတိယအကြံပြုချက်အနေနဲ့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အနီးကပ်ကြီးကြပ်လမ်းညွှန်ခြင်း၊ စီးပွားရေးအကြံပေးခြင်းဆိုတဲ့ ဝန်ဆောင်မှုများပေးရန်ဖြစ်ပါတယ်ရှင်။ စတုတ္ထအချက်အနေနဲ့ ငွေကြေးအရင်းအမြစ်ရလွယ်မှုနဲ့ စီးပွားရေးလုပ်ငန်းများအကြား လိုအပ်တဲ့သတင်းအချက်အလက်၊ စက်ပစ္စည်း၊ နည်းပညာ၊ သုတေသနနဲ့ ဓာတ်ခွဲခန်းမျှဝေသုံးစွဲနိုင်ဖို့ ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နံပါတ်(၅) အကြံပြုချက်အနေနဲ့ အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးထုတ်ကုန်နဲ့ ဝန်ဆောင်မှုများကို ဒေသတွင်းနဲ့နိုင်ငံတကာဈေးကွက်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်းအကြောင်းနှင့် ငွေကြေးအရင်းအမြစ်ရရှိနိုင်အောင် ကူညီနိုင်ခြင်းအကြောင်းပဲ ဆက်လက်ဆွေးနွေးပါမယ်။ အေဂျင်စီမှဦးဆောင်ပြီး အရောင်းမြှင့်တင်ခြင်းကို ပူးပေါင်းပြုလုပ်နိုင်တဲ့ Online Portal ထူထောင်ခြင်းအားဖြင့်လည်းကောင်း၊ ICT နည်းပညာသုံးပြီး လွတ်လပ်တဲ့ကုန်သွယ်မှုဇုန်တည်ထောင်ခြင်းအားဖြင့်လည်းကောင်း၊ SME များအတွက် ဒေသတွင်းနဲ့နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်ဖို့လွယ်ကူစေနိုင်ရန် ကူညီနိုင်ပါတယ်။ ဒါ့အပြင် အေဂျင်စီကဦးစီးပြီး တစ်နှစ်တစ်ခါ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရက်သတ္တပတ်ပြပွဲပြုလုပ်ပေးခြင်းအားဖြင့် MSME လုပ်ငန်းများရဲ့ အရေးကြီးမှုကိုအသိအမှတ်ပြုရာလည်းရောက်တဲ့အပြင် ၎င်းတို့ထုတ်ကုန်နဲ့ဝန်ဆောင်မှုများကိုလည်း ဈေးကွက်နဲ့မိတ်ဆက်ရာရောက်ပါတယ်။ ဒါ့အပြင် မြန်မာ့လူ့အသိုင်းအဝိုင်းမှာ တီထွင်ဖန်တီးပြီး စီးပွားရေးအောင်မြင်မှုကို အလေးထားတဲ့ ဓလေ့ထုံးတမ်းအစဉ်လာပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ အခြားအကျိုးရလဒ်တွေအနေနဲ့ MSME ထုတ်ကုန်နဲ့ ဝန်ဆောင်မှုများပြပွဲများကြောင့် ရင်းနှီးမြှုပ်နှံမှုအလားအလာကောင်းများကို ဆွဲဆောင်နိုင်ပြီး စီးပွားရေးအဆက်အသွယ်ကောင်းအသစ်များ၊ အခွင့်အလမ်းသစ်များ ရရှိနိုင်မှာဖြစ်ပါတယ်။

ဒေသတွင်းနဲ့ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်( Regional Global Supply Chain)နဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့လည်း ကူညီရာရောက်ပြီး နည်းပညာအသစ်၊ ထုတ်လုပ်မှုနှင့်ထုပ်ပိုးမှုပုံစံအသစ်၊ စီးပွားရေးအကြံဉာဏ်သစ်များ ဖလှယ်နိုင်တဲ့အခွင့်အလမ်းများကို ဖန်တီးပေးတာဖြစ်ပါတယ်။ MSME တွေအနေနဲ့ နိုင်ငံတကာကုမ္ပဏီကြီးများ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် စနစ်တကျချိတ်ဆက်ဆောင်ရွက်နိုင်အောင်ကူညီရာလည်းရောက်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ MSME လုပ်ငန်းများချဲ့ထွင်ဖို့ အတိုးနည်းတဲ့ချေးငွေ(Soft Loan) ဒါမှမဟုတ် အမတော်ကြေး(Grant)တို့ကို ငွေကိုအလွတ်ချေးခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းလည်ပတ်ခြင်းနှင့် အသိပညာ၊ အတတ်ပညာသင်တန်းများ တက်ရောက်စေပြီးမှ ငွေချေးခြင်းကိုဆောင်ရွက်သင့်ပါတယ်။ နွမ်းပါးပြီးဝင်ငွေနည်းမိသားစုများအတွက် စီးပွားရေးလုပ်ငန်းအသေးစားများ လုပ်ကိုင် နိုင်အောင် အသေးစားချေးငွေလုပ်ငန်း(Micro Credit Institution)များနှင့်ချိတ်ဆက်ဆောင်ရွက် ပေးနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ပြောရရင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အနေနဲ့ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ ဖွဲ့စည်းပုံများ အဆင်သင့်ဖြစ်နေပြီး

အောဂျင်စီအနေနဲ့ MSME များ လုပ်သာကိုင်သာရှိတဲ့ ဂေဟစနစ်ဖွံ့ဖြိုးလာအောင် လုပ်ငန်းအဆင့်များ သတ်မှတ်ပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်သင့်ပါကြောင်း မီးမောင်းထိုးပြရင်း အုတ်တွင်းမဲဆန္ဒနယ် ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇေဖြိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ဖြစ်ပါတယ်။ အုတ်တွင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ SME လုပ်ငန်း တွေဟာ နိုင်ငံ့စီးပွားရေးလုပ်ငန်းရဲ့၉၂ ရာခိုင်နှုန်းရှိပြီး ပုဂ္ဂလိကထုတ်လုပ်မှုကဏ္ဍမှာတော့ ၉၉ ရာခိုင်နှုန်းရှိပါတယ်။ SME လုပ်ငန်းတွေဖွံ့ဖြိုးစေချင်တယ်ဆိုလို့ရှိရင် အလုပ်အကိုင်ဖန်တီးနိုင်မှု၊ ထုတ်လုပ်မှုသွင်းအားစုများ အသုံးချနိုင်မှုနှင့်အတူ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးကိုလည်း ထိရောက်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ SME လုပ်ငန်း တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဟာ အခြားအာဆီယံနိုင်ငံများနည်းတူ ၂၀၁၅ ခုနှစ် ကတည်းက Policy ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အကောင်အထည်ဖော်မှုအပိုင်းမှာတော့ အိမ်နီးချင်းနိုင်ငံများထက် အားနည်းတာကိုတွေ့ရပါတယ်။ မူဝါဒအနေနဲ့ SME အဓိပ္ပာယ်ဖွင့်ဆိုချက် မှာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အကြောင်းအရာသုံးခု၊ အစိတ်အပိုင်း ခြောက်ခု လွှမ်းခြုံဖွဲ့တာကလည်း Micro အဆင့်ကိုထည့်သွင်းထားခြင်းမရှိပါဘူး။ Micro အဆင့်က စက်မှုဝန်ကြီးဌာနအောက်မှာမရှိဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်မှာ ရှိတဲ့အတွက် လုပ်ငန်းအမျိုးအစားခွဲခြားရာမှာ ရှုပ်ထွေးမှုတွေရှိလာနိုင်ပါတယ်။ Regional Action Plan ရေးဆွဲလာတဲ့အချိန်မှာ Micro ကို ထည့်သွင်းရေးဆွဲလာတာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာန အနေနဲ့ Single Window Policy ဖြစ်အောင် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြန်လည်သုံးသပ်ဖို့ လိုမှာ ဖြစ်ပါတယ်။ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်ရာမှာ ၎င်းလုပ်ငန်းတွေရဲ့အရွယ်အစား၊

လုပ်ငန်းအရေအတွက်၊ အချက်အလက်တွေက အရေးကြီးပါတယ်။ ဒါမှသာ မူဝါဒချမှတ်ရာမှာ မှန်ကန်မှုရှိမှာဖြစ်ပါတယ်။ SME လုပ်ငန်းတွေကို အွန်လိုင်းကနေ မှတ်ပုံတင်ခြင်း စမ်းသပ်ဆောင်ရွက်နေတာ ကောင်းမွန်တဲ့ပြောင်းလဲမှု ဖြစ်ပါတယ်။ လုပ်ငန်းအလိုက် စီးပွားရေးစစ်တမ်းကောက်ယူခြင်းကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ Global Supply Chain မှာပါဖို့ဆိုရင် ပြည်တွင်း SME လုပ်ငန်းတွေကို နိုင်ငံအဆင့်စွမ်းဆောင်ရည်တိုးတက်မှုသင်တန်း၊ နည်းပညာအဆင့်မြှင့်တင်ရေးသင်တန်းတွေ ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတကာကုန်သွယ်မှုအတွေ့အကြုံရရှိမှသာ နယ်စပ်ချင်းထိစပ်နေတဲ့နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုသင်တန်းအစီအစဉ်တွေကို အွန်လိုင်းအသုံးပြုပြီး မြန်မာဘာသာနှင့်သင်ကြားနိုင်အောင် စီစဉ်ပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ SME လုပ်ငန်းအချင်းချင်းကွန်ရက်ဆက်သွယ်ဖို့ Digital Platform တွေဖြစ်တဲ့ Website တွေ၊ Application တွေ ဖန်တီးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အင်တာနက်အသုံးပြုမှုမှာ မြန်မာနိုင်ငံမှာ တစ်ဟုန်ထိုးကျယ်ပြန့်လာတာဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူလူထုလည်း အလွယ်တကူလက်လှမ်းမီလာပြီ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေသာမက ပြည်ပမှလည်း အလွယ်တကူကြည့်ရှုနိုင်မည်ဖြစ်တယ်။ ဈေးကွက်လည်း ရလာမှာဖြစ်ပါတယ်။ မြန်မာ၊ အင်္ဂလိပ်ဘာသာမက အိမ်နီးချင်းဘာသာစကားနှင့်လည်း အသုံးပြုနိုင်အောင် စီစဉ်ပေးရမှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ SME လုပ်ငန်းအများစုဟာ ပြည်ပမှာရှိတဲ့ ပစ္စည်းတွေနဲ့ ယှဉ်ပြိုင်နေရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အရည်အသွေး၊ စံသတ်မှတ်ချက Policy သတ်မှတ်ပေးရန်၊ ပြည်ပပို့ကုန် အစီအစဉ်တွေ ချောမွေ့အောင်ဆောင်ရွက်ပေးရန် လိုပါတယ်။ နိုင်ငံတကာစံသတ်မှတ်နှုန်းထားအနေနဲ့ ကိုက်ညီမှသာ ပြည်ပဈေးကွက်မှာ ထိုးဖောက်ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွခြင်းဟာ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းကို နှောင့်နှေးစေပါတယ်။ အတိုးနှုန်းတွေကိုလည်း တက်စေပါတယ်။ ဗဟိုဘဏ်က ပြည်တွင်းဘဏ်တွေအပေါ် အလွန်အမင်းထိန်းကျောင်းခြင်းဟာ ရေရှည်မှာ ပြည်တွင်းဘဏ်တွေရဲ့ စွမ်းဆောင်ရည်တွေကို ကျဆင်းစေပါတယ်။ ဗဟိုဘဏ်ဟာ ပုဂ္ဂလိကဘဏ်တွေ၊ စီးပွားရေးလုပ်ငန်းတွေအပေါ် ချေးငွေပေးခြင်းကို ၎င်းဘဏ်တွေရဲ့ငွေကြေး Policy စွန့်စားမှုတို့အရ ခွင့်ပြုပေးသင့်ပါတယ်။ နှစ်ရှည်၊ နှစ်လတ်ချေးငွေထုတ်ချေးခြင်းကိုလည်း အားပေးသင့်ပါတယ်။ ဒါဟာ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအနေနဲ့ SME လုပ်ငန်းတွေအတွက် ချေးငွေဆိုင်ရာဖိုရမ်တွေကို နှစ်စဉ်ကျင်းပပေးသင့်ပါတယ်။ အဲဒီဖိုရမ်တွေမှာဆိုရင် ဘဏ်တွေ၊ အစိုးရရဲ့မူဝါဒချမှတ်သူတွေ၊ SME လုပ်ငန်းရှင်တွေ ပါဝင်ပြီး ချေးငွေရနိုင်တဲ့ သက်ဆိုင်ရာအဖွဲ့အလိုက် အမြင်တွေကို တင်ပြစေသင့်ပါတယ်။ ရည်ရွယ်ချက်ကတော့ ချေးငွေရရှိနိုင်မှု အခက်အခဲတွေ့မြင်ပြီး ပုံမှန်ဆက်ဆံရေးမှာ မဖြေရှင်းနိုင်တဲ့အချက်တွေကို ကျော်လွှားနိုင်စေဖို့ ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ အသေးစားငွေချေးလုပ်ငန်းတွေက ဘဏ်နဲ့မဆက်သွယ်တဲ့လုပ်ငန်းရှင်တွေကို ငွေကြေးဆိုင်ရာအထောက်အပံ့တွေပေးနေပါတယ်။ အလားအလာရှိတဲ့လုပ်ငန်းတွေကို အသေးစားငွေချေးလုပ်ငန်းတွေက ပံ့ပိုးပေးတဲ့ အချက်အလက်တွေက အဲဒီလုပ်ငန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့်အသေးစားငွေချေးလုပ်ငန်းတွေကို Myanmar Credit ဗျူရို စနစ်မှာ ထည့်သွင်းရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ Credit Grantee စနစ်ကို တစ်ခြားစနစ်ဖြစ်တဲ့ ရှယ်ယာတန်ဖိုးနှင့် ရင်းနှီးမြှုပ်နှံခြင်း၊ ဒေသန္တရရန်ပုံငွေထူထောင်ပေးခြင်းတို့ကိုလည်း သီးခြားအကြောင်းအရာများအဖြစ် စမ်းသပ်အသုံးပြုသင့်ပါတယ်။ Credit Grantee စနစ်ဟာ ပုံမှန်ငွေကြေးထောက်ပံ့မှုစနစ်ထက် SME လုပ်ငန်းတွေအများအပြားကို ထောက်ပံ့ပေးနိုင်မှာဖြစ်တဲ့အတွက် အားနည်းချက်၊ လိုအပ်ချက်တွေကို Workshop တွေပြုလုပ်ပြီး စနစ်တကျအဖြေရှာပေးရန် လိုပါတယ်။ အစိုးရဟာ SME လုပ်ငန်းတွေရဲ့ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတွေကို ငွေကြေးဆိုင်ရာထောက်ပံ့မှုတွေအပြင် အခြားသောပုံစံများနှင့်လည်း ထောက်ပံ့ပေးရန်လိုပါတယ်။ အခြားနည်းလမ်းတစ်ခုကတော့ အစိုးရရဲ့ဝယ်ယူရေးမှာ ရာခိုင်နှုန်းတစ်ခုအဖြစ် ဝယ်ယူခြင်းဖြစ်ပါတယ်။ အစိုးရထံက လုပ်ငန်းကြီးတွေကို ကန်ထရိုက်ဆွဲတဲ့ ကန်ထရိုက်တာတွေက တစ်ဆင့်ခံ Sub-Contractor တွေကို SME လုပ်ငန်းတွေကို ပေးမယ်ဆိုရင် အဲဒီလုပ်ငန်းတွေကို အစိုးရအနေနဲ့ ဦးစားပေးချထားပေးခြင်းအားဖြင့် SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ မှာ နိုင်ငံတော်စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဥပဒေဆိုင်ရာမူဘောင်၊ စည်းမျဉ်းဆိုင်ရာမူဘောင်၊ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာမူဘောင်တွေ ရေးဆွဲပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ရန် လိုပါတယ်။ အဓိကကတော့

မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေ ချမှတ်အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ကမ္ဘာပေါ်မှာရှိသမျှအစိုးရတိုင်းရဲ့ အန္တိမရည်မှန်းချက်ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းနယ်ပယ်မှာတော့ ပုဂ္ဂလိကက ဦးဆောင်သင့်ပါတယ်။ အစိုးရအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖြေလျှော့မှုတွေပေးမယ်။ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးမယ်။ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးမယ်။ စည်းကမ်း စနစ်တကျဖြစ်အောင် ထိန်းကျောင်းပေးမယ် စတဲ့ထောက်တိုင်လေးခုအပေါ်မှာသာ ဦးတည်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ ခေါင်းဆောင်မှုအရည်အချင်းကို နားလည်သုံးသပ်ပြီး အဓိကနှင့် သာမညကိုခွဲပြီး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းအောင်(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ခင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒေါ်ချိုချို တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ထောက်ခံရတဲ့အကြောင်းအရင်းကတော့ ဗဟိုချုပ်ကိုင်တဲ့စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းနေတဲ့ တစ်နည်းအားဖြင့် အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းချောမွေ့စွာကူးပြောင်းနေတဲ့ ယနေ့အချိန်မှာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဘက်ဘက်မှ ထောင့်ပေါင်းစုံတင်ပြဆွေးနွေးတာကို အကောင်းမြင်ထောက်ပြထားတဲ့အတွက် ထောက်ခံရခြင်းဖြစ်ပါတယ်။ ဗဟိုချုပ်ကိုင်တဲ့စနစ်ဆိုတာ ယှဉ်ပြိုင်မှုလည်းမရှိ၊ အရင်းအနှီးလည်းမရှိတာကြောင့်မို့ အဆင့်နိမ့်တဲ့၊ အရည်အသွေးနိမ့်တဲ့ပစ္စည်းတွေသာ ထွက်ရှိပါတယ်။ ယနေ့ ဈေးကွက်စီးပွားရေးစနစ်မှာသာ ယှဉ်ပြိုင်မှုလည်းအားကောင်းပြီးတော့ အရင်းအနှီးကလည်း လွယ်ကူလာတာမို့ ပစ္စည်းအရည်အသွေးကလည်းကောင်းမွန်ပြီးတော့ ဈေးသက်သာစွာနဲ့ထုတ်လုပ်ကြရပါတယ်။ Global Supply Chain ဆိုတာ ဈေးကွက်စီးပွားရေးစနစ်မှာ အဓိကမောင်းနှင်တာဖြစ်ပြီးတော့မှ အလျင်မြန်ဆုံးနှုန်းနဲ့လည်ပတ်ပြီးတော့

အကောင်းဆုံးဖြစ်တဲ့ မိမိပစ္စည်းတွေ ထုတ်လုပ်ပြီးတော့ ဈေးနှုန်းကလည်း အသက်သာဆုံးနှင့် စားသုံးသူတို့ဆီအရောက်ပို့ကြရတာဖြစ်ပါတယ်။ ဒါမှ ဈေးကွက်ဝေစုကို ပိုင်ဆိုင် နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ကုန်ကျမှုထုတ်လုပ်စရိတ်တွေ၊ ဝန်ဆောင်မှုစရိတ်တွေအနည်းဆုံးဖြစ်တဲ့ တိုင်းပြည်တွေမှာ ရင်းနှီးမြှုပ်နှံကြရပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံက Apple ကုမ္ပဏီဟာ တရုတ်ပြည်မှာ I phone ထုတ်လုပ်ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာလည်း လူဦးရေတစ်ဝက်လောက်က ၂၅ နှစ် အောက်ဖြစ်တဲ့အတွက် လုပ်သားထုပေါ်များပြီးတော့မှ ဈေးနှုန်းသက်သာတဲ့အတွက်ကြောင့်မို့လို့ တရုတ်ပြည်က အထည်ချုပ်စက်ရုံအချို့ဟာ မြန်မာပြည်ကို ပြောင်းရွှေ့လာနေကြပါပြီ။ ဒီထက်ပိုပြီး တော့ဝင်လာအောင်လည်း ကြိုးစားသင့်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်လာအောင်လည်း Peace of Doing Business အညွှန်းကိန်းတွေ တိုးတက်လာအောင် အစိုးရကနေ ဆောင်ရွက်သင့်ပါ တယ်။ ပြည်တွင်းထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေကိုလည်း နိုင်ငံတကာနဲ့ယှဉ်နိုင်အောင် အစိုးရကနေ အားပေးသင့်ပါတယ်။ ဒါကြောင့် SME ချေးငွေတွေကို ထိထိရောက်ရောက်နဲ့ချေးငှားပြီးတော့ လုပ်ဆောင်သင့်ပါတယ်။ ပြည်တွင်းက စိုက်ပျိုးရေးထုတ်ကုန်တွေကိုလည်း GAB စနစ်တွေနဲ့အညီ ထုတ်လုပ်တတ်အောင် သင်တန်းတွေပေးပြီးတော့မှ နည်းဥပဒေတွေ၊ ဥပဒေတွေနဲ့ ပြင်ဆင်ဆောင်ရွက် ပေးသင့်ပါတယ်။ ဝန်ဆောင်မှုတွင် ထုတ်ကုန်တွေကလည်း ISO စနစ်တွေနဲ့အညီ စံကိုက်ဖြစ်မှ နိုင်ငံတကာကနေပြီးမှ Global Supply Chain တွေမှာ ကျွန်တော်တို့ ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီနေ့ကမ္ဘာကြီးဟာ Digital ကမ္ဘာကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ကမ္ဘာမှာ ဖုန်းအသုံးအများဆုံးနိုင်ငံတစ်ခုဖြစ်ပြီးတော့မှ အင်တာနက်သုံးစွဲမှုဟာ တရုတ်ပြည်နဲ့သိပ်မကွာလှတဲ့ အနေအထားမှာရှိပါတယ်။ ဒါကြောင့် ICT နည်းပညာတွေကို အသုံးချပြီးတော့မှ ကျွန်တော်တို့နိုင်ငံ ဟာ Online Shopping တွေနဲ့ နိုင်ငံတကာရဲ့ Global Supply Chain တွေမှာ ဝင်ရောက်ဖို့ရာ အလွယ်ဆုံးဖြစ်ပါတယ်။ အဲဒီမှာ ဈေးနှုန်းအသက်သာဆုံးလည်းဖြစ်တာကြောင့်မို့လို့ Cyber Law တွေကို အမြန်ဆုံးပြဋ္ဌာန်းပြီးတော့မှ Global Supply Chain နဲ့ချိတ်ဆက်နိုင်အောင် ကြိုးပမ်း သင့်ပါတယ်။ တရုတ်ပြည်ကိုတင်ပို့တဲ့ ဖရဲသီးတွေ၊ သခွားသီးတွေ၊ ကားအစီးလိုက်တင်ပို့နေတဲ့နွားတွေ ဟာ အကောင်ရေသောင်းချီပြီးတော့ နယ်စပ်ဂိတ်တွေမှာ တွေ့မြင်နေပါတယ်။ မြန်မာပြည်ကပို့တဲ့ စိုက်ပျိုးရေးထွက်ကုန်တွေ၊ ဆန်းစပါး၊ ပဲ စတာတွေကလည်း ဈေးကွက်ဝေစုတွေ ပိုင်ဆိုင်မှုမရှိ သေးတာ မိုလို့ Global Supply Chain Network မှာ ကောင်းကောင်းပါဝင်နိုင်အောင် ဆောင်ရွက်ပေးဖို့လိုပါ

တယ်။ ယနေ့ ကမ္ဘာ့စီးပွားရေးနဲ့ နဖူးတွေ့ဒူးတွေ့ ကြုံတွေ့နေရတဲ့ လုပ်ငန်းငယ်လေးတွေဟာ ကမ္ဘာ့ရဲ့ Global Supply Chain နဲ့ချိတ်ဆက်နိုင်အောင် Logistic Management တွေ၊ Global Supply Chain Management တွေကို ကောင်းကောင်းလုပ်နိုင်အောင် မန်နေဂျာတွေ မငှားနိုင်ကြပါဘူး။ ဒါ့ကြောင့်မို့ အစိုးရကနေပြီးတော့မှသာ ဦးဆောင်ပြီးတော့ ဥပဒေတွေ၊ နည်းဥပဒေတွေ အမြန်ဆုံး ကူညီဆောင်ရွက်ပြီးတော့မှ လိုအပ်တဲ့ငွေကြေးတွေ သင့်လျော်သလို ချေးငှားပြီးတော့မှ ဆောင်ရွက်ပေးနိုင်မှသာလျှင် ကျွန်တော်တို့တိုင်းပြည်ဟာ အလျင်အမြန် တိုးတက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုနှုန်းဟာလည်း ယနေ့ ၂၀၁၉ ခုနှစ်မှာ ၆.၇ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ခန့်မှန်းထားတာဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အတော်အသင့်၊ အတော်ကိုတိုးတက်နေတဲ့အနေအထားရှိပါတယ်။ ဒါသည်ပင်လျှင် စီးပွားရေးဂျာနယ်တွေကတော့ Global စီးပွားရေးဟာ Hot ဖြစ်နေပါတယ်။ Falling Time ဖြစ်နေတယ်လို့ ပြောပါတယ်။ အဲဒီလိုပဲ မြန်မာပြည်ရဲ့စီးပွားရေးဟာလည်း အနည်းငယ် Falling Time ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ Service ဌာနတွေမှာ လျှော့ပြီးတော့မှ တကယ့် Production တွေလုပ်မယ့်အဆင့်မြင့်ကဏ္ဍတွေမှာ ပိုမိုချေးငှားပြီးတော့မှ စစ်မှန်တဲ့ Production တွေ၊ Agriculture Product တွေကို နိုင်ငံတကာမှာ ဈေးကွက်ဝေစုရအောင် Global Supply Chain ကို Network နဲ့ကောင်းကောင်းချိတ်ဆက်နိုင်အောင် အစိုးရကနေဦးဆောင်ပြီးမှ ဆောင်ရွက်သင့်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေါ်ချိုချိုရဲ့အဆိုကို တိုက်တွန်းထောက်ခံဆွေးနွေးရပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဦးခင်မောင်ချို ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချို၏ အဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနကနေ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအဆိုကို ဆက်စပ်ဝန်ကြီးဌာနသုံးခုရဲ့ ပေါင်းစပ်ဖြေကြားချက်များနဲ့အတူ ပြည့်စုံစွာရှင်းလင်းတင်ပြမှာဖြစ်တာကြောင့် အချိန်ပိုအနည်းငယ်ယူ၍ ရှင်းလင်းခွင့်ပြုပါရန် ဦးစွာ တင်ပြအပ်ပါတယ်။ အုတ်တွင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီး၏အဆိုမှာ ဆွေးနွေးတင်ပြ သွားသကဲ့သို့ စီးပွားရေးလုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်သည့် မြေနေရာအနေ အထား၊ ကျွမ်းကျင်သည့်လုပ်သား၊ ပြည့်စုံကြွယ်ဝသောနည်းပညာနှင့် စက်ကိရိယာများ၊ လုံလောက် သည့်အရင်းအနှီး၊ ကျယ်ပြန့်သည့်ဈေးကွက်စသည်တွေက အဓိကလိုအပ်တဲ့ လိုအပ်ချက်တွေဖြစ်သလို တည်ငြိမ်စိတ်ချရသည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ခြင်း၊ လုပ်ရည်ကိုင်ရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကြွယ်ဝခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်းနှင့် လုံခြုံစိတ်ချရသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းတို့သည်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှု FDI များဝင်ရောက်လာနိုင်စေရန် လွန်စွာ အရေးပါသည့် အထောက်အပံ့ကောင်းများပဲ ဖြစ်ပါတယ်။

ထို့အပြင် နွားထိုးကြီးမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီး ဦးနိုင်ထူးအောင်မှ ထောက်ခံတင်ပြ ဆွေးနွေးသွားသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များအတွက် Time is Money ဆိုတဲ့အတိုင်း လုပ်ကိုင် ဆောင်ရွက်နေတဲ့ အချိန်တိုင်း၊ အချိန်တိုင်းဟာ ငွေတွေပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အချိန်ကြန့်ကြာမှု မရှိစေဘဲ အချိန်မဆိုင်းလုပ်ငန်းများကိုစတင်နိုင်ဖို့ မလိုလားအပ်တဲ့ ဆောင်ရွက်နေရတဲ့ လုပ်ငန်းစဉ် များကို ဖြေလျှော့ပေးဖို့ဟာလည်း အလွန်အရေးကြီးတဲ့အချက်ပဲဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများ ဖြစ်တဲ့ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ဗီယက်နိုင်ငံများရဲ့ စီးပွားရေးလုပ်ကိုင်ရ လွယ်ကူမှုအညွှန်း ကိန်း(Ease of Doing Business Index)ဟာ သိသိသာသာတိုးတက်လာခဲ့သော်လည်း မြန်မာနိုင်ငံ ရဲ့အညွှန်းကိန်းများကတော့ တိုးတက်မှုမရှိဘဲ အတန်ငယ်လျော့ကျသွားခဲ့တာကို တွေ့ရှိရပါတယ်။ အကြောင်းအရင်းကို သုံးသပ်ကြည့်တဲ့အခါမှာ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုရှိသောစနစ်(Ease of Doing Business)ဖြစ်ပေါ်လာစေရန် ဝိုင်းဝန်းပြုပြင်ကြိုးပမ်းကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ၎င်းလိုအပ်ချက်များကို စနစ်တကျစိစစ်ပြီး အချိန်မီဖြည့်ဆည်းပေးနိုင်ဖို့

အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြမှာ ဖြစ်ပါတယ်။

ပြည်တွင်းရှိ စက်မှုလုပ်ငန်းကြီးငယ်ဟူသမျှကို တစ်ပြိုင်နက်တည်း ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်စေဖို့လုပ်ဆောင်ရာမှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများဖြစ်တဲ့ (SOE)များကို လက်တွေ့ကျကျ အောင်မြင်မှုရှိလာစေရေးအတွက် စနစ်တကျပြောင်းလဲလုပ်ဆောင်ကြရာမှာ အထူးအရေးကြီးသကဲ့သို့ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့် MsMEs လုပ်ငန်းတွေကိုလည်း အချိုးအစားမျှတစွာ အောင်မြင်ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းအားပေးကူညီကြရမှာလည်း ဖြစ်ပါတယ်။ သို့မှသာ FDI များသည် ယုံကြည်မှုအပြည့်အဝဖြင့် ဝင်ရောက်လာနိုင်ကြမှာဖြစ်ပြီး နိုင်ငံတကာအရည်အသွေးမီ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ကုန်ထုတ်စွမ်းအားစုများအဖြစ် ပေါ်ထွက်လာကြမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်၍ ဦးစားပေးဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan(MSDP)ကိုလည်း စနစ်တကျရေးဆွဲပြီး အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေဖို့အတွက်လည်း နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ National Economic Coordination Committee(NECC)ကို ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့အပြင် အကျိုးရှိထိရောက်စေမည့် စီမံကိန်းများကို တစ်စုတစ်စည်းတည်းဖြင့် စိစစ်ရွေးချယ်နိုင်စေရန်အတွက် စီမံကိန်းဘဏ်(Project Bank)ကိုလည်း ဖွင့်လှစ်ထားရှိပြီး MSDP ကို အကောင်းဆုံးပုံဖော်ပေးလျက်ရှိနေပါတယ်။ Project Bank သို့ တင်သွင်းလာသည့် စီမံကိန်းများ အနက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သင့်သည့် စီမံကိန်းများကို စိစစ်နိုင်ရန်အတွက် Private Public Partnership(PPP)Center ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်လို့ လုပ်ငန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ နိုင်ငံတော်ရှိ စီးပွားရေး အင်အားစုများဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသည့် မူဝါဒများ အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှာ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံပေါင်း ၁၁၂ ရုံရှိသည့်အနက် ၅၅ ရုံကိုတော့ PPP

ဆောင်ရွက်ထားရှိပြီးဖြစ်လို့ စက်ရုံအချို့ကို အဆင့်မြှင့်တင်ပြီး ထုတ်လုပ်မှုများကို ပုဂ္ဂလိကနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိနေသကဲ့သို့ ကျန်စက်ရုံများကိုလည်း ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် Project Bank သို့ အဆိုပြုလွှာများ ဖြည့်စွက်တင်သွင်း၍ အကောင်အထည်ဖော် နိုင်ရန် တင်ပြဆောင်ရွက်လျက်ရှိနေပါတယ်။ ထို့အပြင် နိုင်ငံတော်က ဆက်လက်လုပ်ကိုင်ရန် မသင့်လျော်တော့သည့် ပဏာမအားဖြင့် စက်ရုံခြောက်ရုံကိုလည်း ပုဂ္ဂလိကသို့ အပြီးအပြတ်ရောင်းချ နိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့တင်ပြပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။

လက်ရှိအချိန်တွင် ပုဂ္ဂလိကသို့ ငှားရမ်းထားသည့်စက်ရုံများကို ပြန်လည်သုံးသပ်လျက်ရှိပြီး အသုံးမပြုဘဲ အကျိုးမဲ့ဖြစ်ပေါ်နေသောမြေလွတ်များအား နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချ နိုင်ရန် စီမံလျက်ရှိသည့်အပြင် မြေနေရာဦးထားပြီး လုပ်ငန်းအကောင်အထည်ဖော်မှု လုံးဝမရှိတဲ့ စက်ရုံအချို့ကိုလည်း ပြန်လည်လွှဲပြောင်းရယူကာ အကျိုးရှိစေမည့် စက်မှုလုပ်ငန်းစုများအဖြစ် စနစ်တကျအကောင်အထည်ဖော်သွားနိုင်ဖို့ မူဘောင်နှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိနေပါတယ်။ ယခုအခါ ပြည်တွင်း၌ထုတ်လုပ်ထားရှိပြီးဖြစ်တဲ့ စက်မှုဇုန်များ၏ ဖွံ့ဖြိုးမှုအားကောင်းလာပြီး တိုးတက်မှုအရှိန်အဟုန်မြင့်မားလာစေရေးအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ပူးပေါင်းပြီး စက်မှုဇုန်ဥပဒေကြမ်း(မူကြမ်း)ကိုလည်း ရေးဆွဲ၍ အများပြည်သူသိရှိလေ့လာအကြံပြု နိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။ ထို့အပြင် အမျိုးသား ပို့ကုန်မဟာဗျူဟာကဏ္ဍကြီး(၁၁)ရပ်မှာပါဝင်တဲ့ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် Global Supply Chain အတွင်းဝင်ရောက်နိုင်ရန် ရည်ရွယ်ပြီး အမျိုးသားအထည် အလိပ်ဆိုင်ရာမူဝါဒ(မူကြမ်း)ကို ရေးဆွဲလျက်ရှိနေပါတယ်။

ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မရှိမဖြစ်လိုအပ်တဲ့ အခြေခံစက်မှု လုပ်ငန်းကျွမ်းကျင်လုပ်သားများကို နေရာဒေသအနှံ့အပြားမှာ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စက်မှု ဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းခြောက်ကျောင်းမှ စက်မှုနှင့်သက်မွေးပညာရပ်များကို နှစ်စဉ် လေ့ကျင့်သင်ကြားပေးလျက်ရှိနေပါတယ်။ ယနေ့အထိ သင်တန်းဆင်းစုစုပေါင်း ၁၀၄၃၈ ဦးရှိခဲ့ပြီး ၁၀၀၀၃ ဦးမှာ နိုင်ငံတော်အတွက် အားထားရတဲ့ ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ငန်းခွင့်အသီးသီး

မှာ ဝင်ရောက်တာဝန်ယူနေနိုင်ကြပြီဖြစ်ပါတယ်။ နိုင်ငံတော်၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ပိုမိုကျယ်ပြန့်ထိရောက်စွာ ဖြည့်တင်းပေးနိုင်ရေးအတွက်ကိုလည်း မုံရွာမြို့နှင့်သထုံမြို့တို့မှာ စက်မှုသင်တန်းကျောင်းအသစ်နှစ်ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပြီး နည်းပညာအသစ်များဖြစ်တဲ့ အထည်အလိပ်နှင့် ရာဘာနည်းပညာဆိုင်ရာပညာရပ်အသစ်များကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်တော့မှာဖြစ်ပါတယ်။ ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏အကူအညီဖြင့် ကာလတိုသုံးလသင်တန်းများအဖြစ် လျှပ်စစ်ဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်နှင့် စိုက်ပျိုးရေးသုံးစက်ပြင်သင်တန်းများ စက်မှုသင်တန်းကျောင်းများတွင် ယနေ့အထိ Pilot Project အဖြစ် (၂၃) ကြိမ်တိုင်တိုင် သင်ကြားပို့ချပေးနိုင်ခဲ့ပြီးလို့ ကျွမ်းကျင်သင်တန်းဆင်းများ ၅၇၀ ဦးကိုလည်း ဒေသအသီးသီးမှာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်းဆင်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ National Skills Standard Authority(NSSA)၏ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက်လည်း သက်ဆိုင်ရာတို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ NSSA မှာရှိတဲ့ ကဏ္ဍ ၁၅ ခုမှာရှိတဲ့ Metal and Engineering ကဏ္ဍမှာ စံသတ်မှတ်ချက်များနှင့် ညီညွတ်သော ကျွမ်းကျင်လုပ်သားများပေါ်ထွက်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ဦးဆောင်၍ စိစစ်ပေးလျက်ရှိနေပါတယ်။ ပြည်တွင်း၌ MSMEs လုပ်ငန်းများ တိုးတက်မြင့်မားလာသည်နှင့်အမျှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ကျေးလက်ဒေသနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးကိုလည်း တစ်ဆက်တည်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း လိုအပ်တဲ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ စက်မှုကျွမ်းကျင်လုပ်သားများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် အထူးဒီဇိုင်းဖန်တီးထုတ်လုပ်ထားတဲ့ Mobile Vocational Training Truck များဖြင့် နိုင်ငံတစ်နံတစ်လျားမှာရှိနေတဲ့ နေရာဒေသအသီးသီးသို့ လစဉ်သွားရောက်လျက်ရှိပြီး ကာလတိုသင်တန်းများဖြစ်တဲ့ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်းနှင့်မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် လယ်ယာသုံးအင်ဂျင်ငယ်များပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့ကို ဒေသဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လက်တွေ့၊ စာတွေ့သင်ကြားပို့ချပေးလျက်ရှိနေပါတယ်။ ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းလာသည်နှင့်အမျှ

လျှပ်စစ်မီးရရှိနေပြီဖြစ်သော ကျေးလက်ဒေသများတွင် ဘေးအန္တရာယ်ကင်းရှင်းဖို့ အကျိုးရှိ ထိရောက်စွာ လျှပ်စစ်ဓာတ်အားကိုသုံးစွဲနိုင်ရန်အတွက် လျှပ်စစ်ဆိုင်ရာအသိပေးပညာဗဟုသုတ ကြွယ်ဝစေဖို့အတွက် မော်တော်ယာဉ်သုံးစွဲမှု များပြားလာသည်နှင့်အတူ စက်မှုလယ်ယာစနစ်၏ နေရာယူမှုတို့ကိုလည်း ကျယ်ပြန့်လာတာနဲ့အညီ စနစ်တကျ ပြုပြင်ထိန်းသိမ်းနိုင်စွမ်းရှိသည့် ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများ ပိုမိုဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် စက်မှုနှင့်အသက်မွေးပညာရှေ့လျှားသင်တန်းများကို (၉၇)ကြိမ်အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ပြီးဖြစ်လို့ သင်တန်းဆင်းသင်တန်းသား/သင်တန်းသူ စုစုပေါင်း ၅၂၅၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ MSMEs များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ကိုယ်ပိုင်အရင်းအနှီးမလုံလောက်မှုများကို ပြေလည်စေရေးနှင့် နည်းပညာအထောက်အပံ့များ ရရှိစေရေးအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချေးငွေရရှိရေးအတွက် SME Agency မှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဘဏ်များ၏ငွေကြေးဆိုင်ရာစည်းမျဉ်းများ၊ ချေးငွေဆိုင်ရာသတင်းအချက်အလက်များကို လုပ်ငန်းရှင်များ သိရှိလိုက်နာနိုင်စေရန် ကူညီလျက်ရှိပြီး MSMEs လုပ်ငန်းရှင်များဖြစ်ကြောင်း ထောက်ခံချက်များပေးရင်း SME Member Card များထုတ်ပေးခြင်းတို့ဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ MSMEs များကို ထုတ်ချေးပေးလျက်ရှိတဲ့ချေးငွေအမျိုးအစားများကတော့ JICA ၏ Two Step Loan ချေးငွေ၊ CGI ချေးငွေ၊ SME ချေးငွေနှင့် MEB ချေးငွေတို့ဖြစ်ပြီး MEB၊ SMIDB၊ CB Bank၊ KBZ Bank၊ AYA Bank၊ Myanma Apex Bank ၊ Myanmar Citizens Bank စတဲ့ ဘဏ်ခုနစ်ခုမှ ထုတ်ချေးပေးလျက်ရှိပါတယ်။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှေ့ရှု၍ အသိမြင်အားပေးသင်တန်းများ၊ စွမ်းရည်မြှင့်တင်သင်တန်းများ၊ ထုတ်လုပ်မှုနည်းပညာလွှဲပြောင်းပေးသည့် သင်တန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ၊ လုပ်ငန်းအစီအစဉ်(Business Plan) ရေးဆွဲနည်းသင်တန်းပေးခြင်း၊ ကွင်းဆင်းလေ့လာအကြံပြုခြင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း(Business Matching) များကို ပြုလုပ်ပေးခြင်း၊ FDI များနှင့်ချိတ်ဆက်ပေးခြင်းတို့ကို နိုင်ငံတကာပညာရှင်များနှင့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ MSMEs များမှတစ်ဆင့် ဒေသအသီးသီးတွင် ကျင်းပပြုလုပ်ပေးလျက်ရှိ

နေပါတယ်။ ယခုအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ MSMEs ဒေသအတွင်း ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးများကို ကိုးကြိမ်တိုင်တိုင် ကျင်းပပေးနိုင်ခဲ့တာကြောင့် နိုင်ငံတော်၏ နေရာဒေသအသီးသီးရှိ စွန့်ဦးတီထွင်သူများ၏ စွမ်းပကားကို MSMEs များမှတစ်ဆင့် ဖော်ထုတ်မြေတောင်မြှောက်ပေးနေကြောင်း သိရှိစေလိုပါတယ်။ ထို့အပြင် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြိုင်ပွဲကြီးများကိုလည်း နေပြည်တော်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ခြင်းဖြစ်ပါတယ်။ MSMEs လုပ်ငန်းများကို မြေတောင်မြှောက်ကာ နည်းပညာနှင့် အရင်းအနှီးများရရှိပြီး ပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် အကျိုးရှိထိရောက်သော အောင်မြင်မှုရလဒ်များကို ခံစားနေကြပြီဖြစ်ကြောင်း မြင်တွေ့နေကြပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဘဏ်ချေးငွေများရရှိရေးနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်သူများစုဆောင်းအပ်နှံထားသည့် ငွေများမှ ငွေကျပ် ၂၅၀ ဘီလီယံကို MSME လုပ်ငန်းရှင်များသို့ ချေးငွေများချေးရန် လျာထားသတ်မှတ်ခဲ့ရာ ၂၁-၃-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းရှင် ၂၇၅ ဦးသို့ ချေးငွေ ၁၃.၇၅၂ ဘီလီယံကို ထုတ်ချေးထားပြီးဖြစ်ပါကြောင်းနှင့် အာမခံလုံလောက်စွာမပေးအပ်နိုင်သော လုပ်ငန်းရှင် ၁၈၅ ဦးကိုလည်း မြန်မာ့အာမခံလုပ်ငန်းများ၏ CGI ချေးငွေ ကျပ်သန်းပေါင်း ၂.၉၇၇ သန်း ထုတ်ချေးပေးထားပြီးဖြစ်ပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားထားပါတယ်။

ထို့အပြင် ဖြေလျှော့မှုများအနေဖြင့် MSME လုပ်ငန်းရှင်များ CGI ချေးငွေရရှိထောက်ခံချက် ရယူရာတွင် ကျပ်သိန်း ၂၀၀ အထိချေးငွေအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲစဉ်က စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရဲ့ ထောက်ခံချက်တင်ပြရန် သတ်မှတ်ထားခဲ့သော်လည်း ယခု MSME Member Card ဖြင့်ပင် ထုတ်လုပ်ပေးလျက်ရှိပြီး ကျပ်သိန်း ၁၀၀၀ အထိ ချေးငွေအတွက် ယခင်က MSME အေဂျင်စီထောက်ခံချက်ရယူသတ်မှတ်ခဲ့သော်လည်း ယခုအခါ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရဲ့ ထောက်ခံချက်ဖြင့်သာ ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျပ်သိန်း ၁၀၀၀ အောက် ချေးငွေများအတွက် လုပ်ငန်းရှင်မှ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအားတင်ပြရာတွင် ပြင်ပစာရင်းကိုင်များမှ ရေးဆွဲစေရန်မလိုအပ်တော့ဘဲ ဘဏ်ခွဲမန်နေဂျာထံသို့ လုပ်ငန်းရှင်မှကိုယ်တိုင် တွေ့ဆုံရှင်းလင်းတင်ပြခြင်းဖြင့်သာ ခွင့်ပြုပေးလျက်ရှိနေပါတယ်။

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာ ဥပဒေပုဒ်မ ၂၉ အရ တစ်နှစ်အသားတင် အမြတ်ငွေ ကျပ်သိန်း ၂၀၀ အောက်သာရရှိသည့် အငယ်စားလုပ်ငန်းများနှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)အရ

တစ်နှစ်ရောင်းရငွေကျပ်သိန်း ၅၀၀ အောက်ရရှိသည့် အသေးစားလုပ်ငန်းများမှ အခွန်ထမ်းဆောင်သည့် ပြေစာတင်ပြရန်မလိုအပ်တော့ဘဲ ဖြေလျှော့ပေးလျက်ရှိပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်နှင့်ပတ်သက်၍လည်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင် သို့မဟုတ် စည်ပင်သာယာမှထုတ်ပေးသည့် လုပ်ငန်းလိုင်စင်တစ်ခုခုကိုသာ တင်ပြရန်လိုအပ်တော့မှာဖြစ်ပါတယ်။ လုပ်ငန်းကောင်းမွန်ခိုင်မာသည့် လုပ်ငန်းရှင်များဖြစ်ပါက အာမခံမြေအတွက် အခြားနည်းအသုံးပြုခွင့် လျှောက်ထားဆဲ သို့မဟုတ် ဂရန်အမည်ပြောင်းဆဲကာလတွင်ပင် ချေးငွေထုတ်ပေးခြင်းများကို အမှုတွဲတစ်ခုချင်းအလိုက် ချေးငွေအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပင် လုပ်ငန်းရှင်များသို့ လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ယခင်က JICA (ODA) MSME Tow-Step Loan ချေးငွေ၏ ၈၀ ရာခိုင်နှုန်းကို ပုံသေပိုင်ပစ္စည်းအတွက်အသုံးပြုရန် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ ၅၀ ရာခိုင်နှုန်းအထိသာ ပုံသေပိုင်ပစ္စည်းအဖြစ်သုံးစွဲစေခြင်းဖြင့် သတ်မှတ်ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်ကချမှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မူဝါဒ (၇-၈) နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းတို့ကို ရေးဆွဲပြဋ္ဌာန်းလျက်ရှိပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၌ စိုက်ပျိုးရေးအခြေခံထုတ်ကုန်လုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်မည့်ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးနိုင်မည့် ကုန်ထုပ်လုပ်ငန်းများနှင့် စက်မှုမြို့တော်တည်ဆောက်မည့်လုပ်ငန်းများကို တင်ပြလာပါက ချက်ခြင်းဦးစားပေးလုပ်ငန်းများအဖြစ် အမြန်ဆုံးခွင့်ပြုပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြေညာစာအမှတ် (၁၃/၂၀၁၇)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားနိုင်သည့် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစာရင်းတွင် ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များတည်ထောင်သည့်လုပ်ငန်းများ ပါဝင်သဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် အကျိုးခံစားခွင့်များ အထူးမြှင့်တင်ပေးထားကြောင်း တွေ့ရှိနိုင်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)အရ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ စက်မှုသုံးနှင့်အခြားဓာတုပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ သီးနှံထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း

စသည့်စက်မှုလုပ်ငန်းများကို ပြည်တွင်းရှိနိုင်ငံသား၊ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့်ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်ပေးထားသဖြင့် Global Supply Change နှင့်ချိတ်ဆက်ကာ နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းသို့ ပိုမိုဝင်ဆံ့လာနိုင်တော့မှာဖြစ်ပါတယ်။ စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လုပ်ငန်းပေါင်း ၆၀၂ ခုတို့က မတည်ငွေစုစုပေါင်းကျပ် ၂.၇၆၀၈၇၀ သန်းအထိ ရင်းနှီးမြှုပ်နှံထားကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေများ ပုဒ်မ ၁ (ဂ) (၁၄) ၌ ပြည်တွင်းကုမ္ပဏီတွင် နိုင်ငံခြားသားနှင့်ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုထားတာကြောင့် Global Supply Change အတွင်းသို့ အလိုအလျောက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရရှိလာပြီဖြစ်ပါကြောင်း ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင်လည်း ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ကို မဟာဗျူဟာ၏ အမျိုးအစားငါးအဖြစ် သတ်မှတ်၍ စက်မှုဆိုင်ရာကွန်ယက်ချိတ်ဆက်မှုမြှင့်တင်ခြင်း၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးစွမ်းဆောင်ရှင်များကို ကူညီပေးရန်စတင်အခြေတည်ခြင်း၊ စက်မှုလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေခြင်းစသည့်လုပ်ငန်းများကို စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါကြောင်းပေါင်းစပ်ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Change အတွင်း ပြည်တွင်းထုတ်လုပ်မှု အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သောငွေကြေး၊ နည်းပညာ၊ အထောက်အပံ့များရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့အနေဖြင့် ပူးပေါင်းကာ ဟန်ချက်ညီညီဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ရှေ့ရှု၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ထပ်မံလိုအပ်လာမည့်အကူအညီ အထောက်အပံ့များရရှိရေးအတွက်ကိုလည်းပဲ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်ချမှတ်ကာ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်

အဆိုပြု တင်ပြဆွေးနွေးချက်များအား ထောက်ခံအတည်ပြုပေးနိုင်ပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မရဲ့အဆိုကို လွှတ်တော်မှာ ဆွေးနွေးခွင့်ရရှိအောင် ထောက်ခံပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အဆိုတင်သွင်းစဉ်က ထောက်ခံဆွေးနွေးပေးခဲ့သော နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ အဆိုမှာ ပါဝင်ဆွေးနွေး အကြံပြုပေးကြတဲ့ ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)၊ ဗိုလ်မှူးဇေဖြိုး(တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါက်တာဝင်းအောင်(ခင်ဦးမဲဆန္ဒနယ်)တို့နှင့်အတူ ကျွန်မရဲ့အဆို နဲ့စပ်လျဉ်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ ပေါင်းစပ်ဖြေကြားမှုနှင့်အတူ ပြည့်ပြည့်စုံစုံရှင်းလင်းပေးသွားတဲ့ စက်မှုဝန်ကြီးဌာန ဝန်ကြီးကို ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မအနေနဲ့ ဒီအဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ရပ်တန့်သလိုဖြစ်နေတဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ငွေကြေး၊ နည်းပညာ၊ အထောက်အပံ့တွေကို ယခုအခြေအနေထက် ပိုမိုပြီး ချောမွေ့လွယ်ကူစွာ ရရှိကာ MSMEs လုပ်ငန်းရှင်များစွာကို ထုတ်ချေးရန်လျာထားတဲ့ ချေးငွေများကို အပြည့်အဝထုတ်ချေး နိုင်ပြီး MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများ ကြုံတွေ့နေရတဲ့အခက်အခဲများ၊ အချိန်ကြန့်ကြာပြီး ဆိုင်းငံ့ထားခြင်းများကြောင့် လုပ်ငန်းအကောင် အထည်ဖော်နိုင်မှု နှောင့်နှေးစေတဲ့ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များ၊ ရှုပ်ထွေးလှတဲ့ Process များကို ဖြေလျှော့ပေးနိုင်ရေး၊ နိုင်ငံတော်ရဲ့မူဝါဒဖြစ်တဲ့ တိုင်းပြည်စီးပွားရေးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် ဝင်ကူလိုက်ရင်ဖြင့် အခြေအနေကောင်းမွန်လာမှာဖြစ်လို့ မူဝါဒတွေ၊ ဥပဒေများ ကို ခေတ်နှင့်အညီ ချမှတ်ပြဋ္ဌာန်းနိုင်ပါက တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေ နိုင်ခြင်း၊ ဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းအားရှိတဲ့ စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရန် မြန်မာ့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် Global Supply Chain ကို ဝင်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်စေရေးတို့အတွက် ဖြစ်ပါတယ်။ သို့မှသာ ပြည်ပကို နေ့စဉ်လိုလိုထွက်ခွာပြီး

အလုပ်သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာပြည်သူပြည်သားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်တွင်းနေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာငွေများ ရရှိလာကာ ကုန်သွယ်ရေးလိုငွေပြမှုကိုလည်း လျော့နည်းစေမှာဖြစ်တဲ့အတွက် ကြောင့် မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး စက်မှုဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွား ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၁၅.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**U Aung Htoo** **Daw Tin Tin Yee**




**U Aung Htoo** **U Lagan Zal Gyone**




**U Aung Htoo** **Dr Than Aung Soe**




**U Oo Tun Win** **U Kyaw Myo**




**U Tun Myint** **U Kyaw Myo**




**U Myat Lay Oo** **U Kyaw Myo**

pyithu.hluttaw.mm


U Aung Kyaw Hein


U Kyaw Myo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်